**KEY STATEMENTS FOR THE 2025 MEMORIAL DAY BLENDING CONFERENCE**

**သမ္မာကျမ်းစာသည် အစင်ကြယ်ဆုံးနှင့် အသန့်ရှင်းဆုံးအာရုံခံစားမှု၌ စကြဝဠာဆိုင်ရာစုံတွဲ - သတို့သားအဖြစ် ခရစ်တော်၌ ဘုရားသခင်နှင့် သတို့သမီးအဖြစ် ဘုရားသခင်၏ရွေးနုတ်ခံလူများတို့၏ ချစ်ဇာတ်လမ်း ဖြစ်ပြီး - ဤအရာသည် သခင်ဘုရားပြန်လည်ရယူခြင်း၏ ပန်းတိုင်းဖြစ်သည်။**

**ပြန်လည်ရယူခြင်း၌ သခင်ဘုရား၏ အဓိကအလုပ်မှာ ကျွန်ုပ်တို့ကို ကိုယ်တော်၏ ဘုန်းတော်နှင့်ပြည့်စုံသော သတို့သမီးအဖြစ် ပြင်ဆင်ရန် ကိုယ်တော်၏စစ်မှန်သောအလုပ်ဖြစ်သည်။ ဧဖက်၊ ၅း၂၆ ၌ ပြောဆိုထားသည့် စဉ်ဆက်မပြတ် အတွင်းပိုင်းပင်ကိုစိတ် ကို သန့်ရှင်းစင်ကြယ်စေခြင်းမှလွဲ၍ သတို့သမီးပြင်ဆင်ခံရရန် လမ်းမရှိပါ၊ ထိုသို့ဆိုလျှင် ဗျာ၊ ၁၉း၇-၉ ပြည့်စုံရန် လမ်းမရှိပေ။**

**ဓမ္မသစ်၌ အသုံးပြုထားသည့်အတိုင်း *ရင့်ကျက်ခြင်း* ဟူသောစကားလုံးသည် ယုံကြည်သူများ၏ အပြည့်အဝ ကြီးထွားခြင်းနှင့် သူတို့အသစ်မွေးဖွားခံရသည့်အချိန်မှာ ရရှိသော ခရစ်တော်၏အသက်၌ စုံလင်လာခြင်းကို ရည်ညွှန်းသည်။**

**သခင်ဘုရား၏ပြန်လည်ရယူခြင်းသည် ခရစ်တော်၏သတို့သမီး ပြင်ဆင်ခြင်းအတွက်ဖြစ်သည်။ နောက်ဆုံးတွင်၊ ကျွန်ုပ်တို့သည် ခရစ်တော်၏ အဖော်အဖက်၊ သတို့သမီးဖြစ်သော ယေရုရှလင်မြို့သစ်၏ အကြီးမြတ်ဆုံးနှင့် နောက်ဆုံး ပုံရိပ်ဖြစ်သည့် ရှောလမုန်၏ပုံတူအဖြစ် အံ့သြဖွယ်ကောင်းသော ရှုလမိတ်ဖြစ်ရန် သဏ္ဍာန်တူညီခြင်းခံရလိမ့်မည်ဖြစ်သည်။**

*© 2025 Living Stream Ministry*

**Outline of the Messages**
**for the Memorial Day Blending Conference**
**May 23-26, 2025**

**GENERAL SUBJECT:**
**သတို့သမီးကို ပြင်ဆင်ခြင်း**

Message One

**သတို့သမီး - သခင်ဘုရားပြန်လည်ရယူခြင်း၏ ပန်းတိုင်**

ဖတ်ရန်ကျမ်း။ ။ ဗျာ၊၁၉း၇-၉။ ယော၊၁း၂၉။ ၃း၂၉။ သီ၊၁း၂-၃။ ၈း၁၄

**I. သမ္မာကျမ်းစာသည် အစင်ကြယ်ဆုံးနှင့် အသန့်ရှင်းဆုံးအာရုံခံစားမှု၌ စကြဝဠာဆိုင်ရာစုံတွဲ - သတို့သားအဖြစ် ခရစ်တော်၌ ဘုရားသခင်နှင့် သတို့သမီးအဖြစ် ဘုရားသခင်၏ရွေးနုတ်ခံလူများတို့၏ ချစ်ဇာတ်လမ်း ဖြစ်သည် - ယော၊၃း၂၉။ မ၊၂၅း၆။ ဗျာ၊၁၉း၇။ ၂၁း၂။ ၂၂း၁၇။**

A. ရာစုနှစ်များတစ်လျှောက် ဘုရားသခင်သည် လူနှင့်အတူ ချစ်ဇာတ်လမ်းရှိခဲ့သည်။ ကိုယ်တော်သည် အဖော်အဖက်ရရှိလိုသည့် အကြံအစည်ဖြင့် လူကို ဖန်ဆင်းခဲ့သည် - က၊၁း၂၆။

B. ဘုရားသခင်သည် ချစ်သူဖြစ်ပြီး၊ ကိုယ်တော်သည် ချစ်သူအဖြစ် မိမိကိုယ်တော်တိုင်၏ ပုံသဏ္ဌာန်တော်၌ လူကို ဖန်ဆင်းခဲ့သည်။ ဤသည်မှာ ကိုယ်တော်သည် ကျွန်ုပ်တို့ကို ဖန်ဆင်းခဲ့ခြင်းမှာ ကျွန်ုပ်တို့က ကိုယ်တော်ကို ချစ်ရန်အတွက်ဖြစ်ကြောင်း ဆိုလိုပါသည် - မာ၊၁၂း၃၀။ ၈၊၃း၁၄-၁၉။

C. သမ္မာကျမ်းစာတစ်အုပ်လုံးသည် ဘုရားဆိုင်ရာ ချစ်ဇာတ်လမ်း ဖြစ်ပြီး၊ သီချင်းတကာ့သီချင်းသည် ဤချစ်ဇာတ်လမ်း၏ အကျဉ်းချုပ်ပုံစံ ဖြစ်သည် - ၁း၂-၃။ ၈း၁၄။

1. သမ္မာကျမ်းစာသည် ချစ်ဇာတ်လမ်းစာအုပ်ဖြစ်ပြီး၊ သခင်ဘုရားနှင့် ကျွန်ုပ်တို့၏ ဆက်နွှယ်တော်စပ်မှုသည် ပို၍ ပို၍ ချစ်ကြည်နူးဖွယ်ရာ ဖြစ်လာသင့်ပါသည်။

2. ကျွန်ုပ်တို့နှင့် သခင်ယေရှုအကြား ချစ်မေတ္တာဇာတ်လမ်းမရှိခဲ့လျှင် ကျွန်ုပ်တို့သည် ဘာသာရေး ခရစ်ယာန်များသာ ဖြစ်ကြပြီး၊ ချစ်ကြည်နူးဖွယ် ခရစ်ယာန်များ မဟုတ်ကြပါ - သီ၊၁း၂-၃။

3. *ချစ်ဇာတ်လမ်း* ဟူသည်မှာ ဘုရားဆိုင်ရာပိုးပန်းခြင်း စကားလုံးဖြစ်သည်။ သမ္မာကျမ်းစာ၌ ဘုရားသခင်က ကျွန်ုပ်တို့၏ ချစ်ခြင်းကို ရှာဖွေနေကြောင်း ကျွန်ုပ်တို့မြင်ရသည် - ၂ကော၊၁၁း၂။

4. သီချင်းတကာ့သီချင်းသည် ချစ်ဇာတ်လမ်းထက် ပိုပါသည်။ ၎င်းသည် အလွန်ကောင်းသော ချစ်ဇာတ်လမ်းဖြစ်သည်။

D. ကျွန်ုပ်တို့မည်သည့်အရာကို ချစ်သည်ဖြစ်စေ၊ ကျွန်ုပ်တို့၏စိတ်နှလုံးတစ်ခုလုံး၊ ကျွန်ုပ်တို့၏ ဖြစ်ခြင်းတစ်ခုလုံးကိုပင် ထိုအရာ၌ စွဲထားခြင်း၊ လွှမ်းခြုံခံရခြင်း၊ ပိုင်ဆိုင်ခံရခြင်း ရှိလေသည် - ၁တိ၊၆း၁၀-၁၁။ ၂တိ၊၃း၂-၄။ ၄း၈၊ ၁၀က။ တိ၊၁း၈။

1. "ဘုရားသခင်ကို ချစ်ခြင်းသည် ကျွန်ုပ်တို့၏ဖြစ်ခြင်းတစ်ခုလုံး - ဝိညာဉ်၊ စိတ်နှင့် ခန္ဓာနှင့်အတူ စိတ်နှလုံး၊ စိတ်၊ အသိဉာဏ်နှင့် ခွန်အား (မာ၊၁၂း၃၀) အားလုံးကို ကိုယ်တော်အပေါ်တွင် အကြွင်းမဲ့ ထားရှိခြင်းကို ဆိုလိုသည်။ ၎င်းမှာ ကျွန်ုပ်တို့၏ဖြစ်ခြင်းတစ်ခုလုံးကို ကိုယ်တော်အားဖြင့် သိမ်းပိုက်ခွင့်ပေးထား၍၊ ကိုယ်တော်၌ နစ်မြုပ်ခြင်း ဖြစ်သည်" (၁ကော၊ ၁၂း၉ မှတ်စု ၃)။

2. သခင်ယေရှုကိုချစ်ခြင်းမှာ ကိုယ်တော်၏ နှစ်သက်တန်ဖိုးထားခြင်း၊ ကျွန်ုပ်တို့ဖြစ်ခြင်းကို ကိုယ်တော်ထံသို့ ဦးတည်ခြင်း၊ ကိုယ်တော်ထံ ဖွင့်ပေးခြင်း၊ ကိုယ်တော်ကို မွေ့လျော်ဝမ်းမြောက်ခြင်း၊ ကိုယ်တော်ကို ပထမနေရာပေးခြင်း၊ ကိုယ်တော်နှင့် တစ်လုံးတစ်ဝဖြစ်ခြင်း၊ ကိုယ်တော်ကို အသက်ရှင်ခြင်းနှင့် ကိုယ်တော် ဖြစ်လာခြင်းပင်ဖြစ်သည် - မ၊ ၂၆း၆-၁၃။ ၂ကော၊၃း၁၆။ မာ၊၁၂း၃၀။ ကော၊၁း၁၈။ ၁ကော၊၆း၁၇။ ဖိ၊၁း၂၀-၂၁။ ဓမ္မသီချင်း ၄၇၇ (မြန်မာ ၂၇၅) အပိုဒ် ၂။

**II. ဗျာဒိတ် ၁၉း၇-၉ တွင် ခရစ်တော်ကို သတို့သားအဖြစ် ဖွင့်ပြထားသည်။**

A. သိုးသငယ်၏မင်္ဂလာဆောင်ပွဲသည် ဘုရားသခင့် ဓမ္မသစ်စီမံကိန်း၏ ပြည့်စုံခြင်း ရလဒ်ဖြစ်ကာ၊ ယင်းသည် ခရစ်တော်အတွက် သတို့သမီးဖြစ်သည့် အသင်းတော်ကို ကိုယ်တော်၏တရားရေးဆိုင်ရာ ရွေးနုတ်ခြင်းမှတစ်ဆင့်၊ ကိုယ်တော်၏ဘုရားဆိုင်ရာအသက်၌ အသက်ဆိုင်ရာကယ်တင်ခြင်းအားဖြင့် ရယူရန်ဖြစ်သည် - က၊၂း၂၂။ ရော၊၅း၁၀။ ဗျာ၊၁၉း၇-၉။ ၂၁း၂၊ ၉-၁၁။

B. ဗျာဒိတ် ၁၉ ရှိ ခရစ်တော်၏သတို့သမီးသည် အောင်မြင်သောသူများအားလုံးဖြင့် ပေါင်းဖွဲ့ထားခြင်းဖြစ်သည် - အငယ်၊၇-၉။ ညွှန်း၊ က၊၂း၂၂။ မ၊၁၆း၁၈။

C. အောင်မြင်သောသူများအားလုံးသည် နှစ်ပေါင်းတစ်ထောင်ကာလအတွင်း ၎င်း၏ အစပြုခြင်းနှင့် သစ်လွင်သောအဆင့်၌ ခရစ်တော်၏သတို့သမီးအဖြစ် ယေရုရှင်လင်မြို့သစ် ဖြစ်လိမ့်မည်ဖြစ်သည် - ဗျာ၊၁၉း၇။

D. နောက်ဆုံးတွင် ယုံကြည်သူများအားလုံးသည် ထာဝရကာလပတ်လုံး ကောင်းကင်သစ်နှင့် မြေကြီးသစ်၌ ခရစ်တော်၏ဇနီးအဖြစ် ပြည့်ဝစွာဖြင့် ယေရုရှလင်မြို့သစ်ကို ပြီးမြောက်စေရန်နှင့် ပြည့်စုံစေရန် အောင်မြင်သောသူများထံ ပေါင်းစည်းဆက်နွှယ်ကြလိမ့်မည်ဖြစ်သည် - ၂၁း၂၊ ၉-၁၁။

## III. သတို့သမီးသည် သခင်ဘုရားပြန်လည်ရယူခြင်း၏ ပန်းတိုင်ဖြစ်သည် - ၁၉း၇-၉။

A. "သိုးသငယ်၏ မင်္ဂလာဆောင်ပွဲခံချိန်ရှိပြီ" - အငယ်၊၇ခ။

1. ယောဟန်သည် သူ၏ဧဝံဂေလိစာစောင်အစတွင် သိုးသငယ်နှင့် သတို့သားအကြောင်း ပြောထားပြီး၊ ဗျာဒိတ်ကျမ်းတွင် သူက သိုးသငယ်၏ မင်္ဂလာဆောင်ပွဲခံချိန် ရောက်ပြီဟု ပြောထားသည် - ယော၊၁း၂၉။ ၃း၂၉။

2. သန့်ရှင်းသူအများပိုင်းကို ချီဆောင်ပြီးနောက် (ဗျာ၊၁၄း၁၆။ ၁သက်၊၄း၁၅-၁၆) နှင့် ဆုပေးခြင်းအတွက် ခရစ်တော်၏ တရားစီရင်ရာပလ္လင်၌ တရားစီရင်ခြင်းပြီးနောက် (ဗျာ၊၁၁း၁၈။ ၂ကော၊၅း၁၀) ချက်ချင်း လိုက်လာသော ဖြစ်ရပ်များတွင် သိုးသငယ်၏ မင်္ဂလာဆောင်ပွဲ ပါဝင်သင့်သည် (ဗျာ၊၁၉း၇ခ)။

   a. ကျွန်ုပ်တို့သည် ခရစ်တော်၏ တရားစီရင်ရာပလ္လင်၌ ဆုရသည်ဆိုလျှင် မင်္ဂလာဆောင်စားသောက်ပွဲ၌ ကျွန်ုပ်တို့ ပါဝင်ဆက်ဆံနိုင်မည်ဖြစ်သည်။

   b. ကျွန်ုပ်တို့သည် ဆုမရခဲ့ဘဲ၊ သခင်ဘုရားအားဖြင့် နှစ်သက်မခံရလျှင်၊ ကျွန်ုပ်တို့ ပျက်စီးခြင်းသို့ မရောက်သော်လည်း ၁ကော ၃း၁၅ တွင် ဖော်ပြသည့်အတိုင်း ဆုံးရှုံးမှုကို ခံစားရလိမ့်မည်ဖြစ်သည်။

B. "ကိုယ်တော်၏ဇနီးသည် ကိုယ်ကို အဆင်သင့်ဖြစ်စေပြီ" - ဗျာ၊၁၉း၇ဂ။

1. *ကိုယ်တော်၏ဇနီး* သည် အသင်းတော် (ဧ၊၅း၂၄-၂၅၊ ၃၁-၃၂)၊ ခရစ်တော်၏ သတို့သမီး (ယော၊၃း၂၉) ကို ရည်ညွှန်းသည်။

2. ဗျာဒိတ် ၁၉း၈-၉ အရ ခရစ်တော်၏သတို့သမီးဖြစ်သည့် ဇနီးသည် မိလေနိကာလအတွင်း အောင်မြင်သောယုံကြည်သူများဖြင့်သာ ပေါင်းဖွဲ့ထားသော်လည်း၊ ၂၁း၂ ရှိ ဇနီးဖြစ်သည့် သတို့သမီးသည် မိလေနိကာလပြီးနောက် ထာဝရကာလပတ်လုံး ကယ်တင်ခံရသော သန့်ရှင်းသူများအားလုံးဖြင့် ပေါင်းဖွဲ့ထားခြင်းဖြစ်သည်။

3. သတို့သမီး၏ အဆင်သင့်ဖြစ်ခြင်းသည် အောင်မြင်သောသူများ၏ အသက်၌ ရင့်ကျက်ခြင်းအပေါ်တွင် မူတည်နေသည် - ၁၉း၇။ ဟေမြဲ၊၆း၁။ ဖိ၊၃း၁၂-၁၅။ ဧ၊၄း၁၃။

4. ကျွန်ုပ်တို့သည် ခရစ်တော်၏သတို့သမီးဖြစ်သောယေရုရှလင်မြို့သစ်ကို ရွှေအဖြစ် ခမည်းတော်ဘုရားသခင်၊ ပုလဲအဖြစ် သားတော်ဘုရားသခင်နှင့် အဖိုးတန်ကျောက်များအဖြစ် ဝိညာဉ်တော်ဘုရားသခင်ဖြင့် အလှဆင်ရန်နှင့် ပြီးမြောက်ပြည့်စုံစေရန် လိုအပ်သည် - ဗျာ၊၂၁း၂၊ ၁၉က။ ၁ကော၊၃း၁၂။ သီ၊၁း၁၀-၁၁။

5. အောင်မြင်သောသူများသည် သီးခြားစီ တစ်ဦးချင်းခွဲထားခြင်းမဟုတ်ဘဲ၊ စုပေါင်းထားသော သတို့သမီးဖြစ်သည်။

6. အောင်မြင်သောသူများသည် အသက်၌ ရင့်ကျက်ရုံသာမက၊ တစ်ဦးတည်းသော သတို့သမီးအဖြစ် အတူတကွ တည်ဆောက်ခံခြင်းလည်း ရှိကြသည်။

C. "သူသည် စင်ကြယ်၍ ပြောင်လက်သော ပိတ်ချောကို ဝတ်ဆင်ရသော အခွင့်ကို ရ၏။ ထိုပိတ်ချောသည် သန့်ရှင်းသူတို့၏ ဖြောင့်မတ်ခြင်းများ ဖြစ်သတည်းဟု ပြောဆိုသည်ကို ငါကြား၏" - ဗျာ၊၁၉း၈။

1. *စင်ကြယ်ခြင်း* မှာ သဘောသဘာဝကို ရည်ညွှန်းပြီး၊ *တောက်ပပြောင်လက်ခြင်း* မှာ ထင်ရှားခြင်းကို ရည်ညွှန်းသည်။
2. "ဖြောင့်မတ်ခြင်းများ"ဟူ၍ ဘာသာပြန်ဆိုထားသော ဂရိစကားလုံးသည် "ဖြောင့်မတ်သော အပြုအမူများ"ဟုလည်း ပြန်ဆိုနိုင်ပါသည်။
3. ဖြောင့်မတ်ခြင်းများသည် ကျွန်ုပ်တို့၏ကယ်တင်ခြင်းအတွက် ရရှိသော ဖြောင့်မတ်ခြင်းကို ရည်ညွှန်းခြင်းမဟုတ်ပေ - ၁ကော၊၁း၃၀။
4. ကျွန်ုပ်တို့၏ကယ်တင်ခြင်းအတွက် ရရှိသော ဖြောင့်မတ်ခြင်းသည် အပြင်ပိုင်းဆိုင်ရာဖြစ်ပြီး၊ ဖြောင့်မတ်သောဘုရားသခင်၏ တောင်းဆိုချက်ကို ပြည့်မီရန် ကျွန်ုပ်တို့ကို တတ်စွမ်းစေကာ၊ ဗျာဒိတ် ၁၉း၈ ရှိ အောင်မြင်သောသန့်ရှင်းသူများ၏ ဖြောင့်မတ်ခြင်းများမှာ အတွင်းပိုင်းဆိုင်ရာဖြစ်၍ (ဖိ၊၃း၉)၊ အောင်မြင်သောခရစ်တော်၏ တောင်းဆိုချက်ကို ပြည့်မီစေရန် သူတို့ကို တတ်စွမ်းစေသည်။
5. ထို့ကြောင့် ပိတ်ချောသည် ကျွန်ုပ်တို့၏ အောင်မြင်သော အသက်တာ၊ ကျွန်ုပ်တို့၏ အောင်မြင်သော အသက်ရှင်ခြင်းကို ရည်ညွှန်းသည်။ ၎င်းမှာ ကျွန်ုပ်တို့၏ဖြစ်ခြင်းထဲက ကျွန်ုပ်တို့သည် ခရစ်တော်ကို ရှင်ထွက်ကြခြင်းဖြစ်သည်။

D. "သိုးသငယ်၏ မင်္ဂလာဆောင် ညစာစားပွဲသို့ ခေါ်ဖိတ်ခြင်းကို ခံရသောသူတို့သည် မင်္ဂလာရှိကြ၏။ … ဤစကားသည် ဘုရားသခင်၏ နှုတ်တော်ထွက် စင်စစ်ဖြစ်၏" - ဗျာ၊၁၉း၉။
1. သိုးသငယ်၏ မင်္ဂလာဆောင် ညစာစားပွဲမှာ မင်္ဂလာဆောင်စားသောက်ပွဲဖြစ်ကာ၊ ဘုရားသခင်၏အမြင်၌ တစ်ရက်ဖြစ်သော အနှစ်တစ်ထောင်ကာလ နိုင်ငံတော်ဖြစ်၍၊ အောင်မြင်သော ယုံကြည်သူများအဖို့ ဆုလာဘ်ဖြစ်သည် - အငယ်၊၉။ မ၊၂၂း၂၊ ၁၁-၁၄။ ၂ပေ၊၃း၈။
2. ခရစ်တော်၏ မင်္ဂလာဆောင် ညစာစားပွဲသို့ ခေါ်ဖိတ်ခံရခြင်း၊ အောင်မြင်သောယုံကြည်သူများကို မိလေနီကာလ မွေ့လျော်ဝမ်းမြောက်မှုအထဲသို့ ခေါ်သွင်းခြင်းမှာ ကောင်းချီးမင်္ဂလာခံရခြင်းဖြစ်သည် - ဗျာ၊၁၉း၉။
3. ဗျာဒိတ် ၁၉း၉ ရှိ သိုးသငယ်၏မင်္ဂလာဆောင် ညစာစားပွဲသည် မဿဲ ၂၂း၂ ရှိ မင်္ဂလာဆောင်စားသောက်ပွဲ ဖြစ်သည်။ ၎င်းသည် အောင်မြင်သောယုံကြည်သူများအဖို့ ဆုလာဘ်ဖြစ်သည်။
   a. ခေါ်ခြင်းခံရခြင်းမှာ ကယ်တင်ခြင်းကို ရရှိရန်ဖြစ်ပြီး (ရော၊၁း၇။ ၁ကော၊၁း၂။ ဧ၊၄း၁)၊ ရွေးချယ်ခံရခြင်းမှာ ဆုကို ရရှိရန် ဖြစ်သည်။
   b. အောင်မြင်သောသူများသာလျှင် သူတို့အဖို့ ဆုလာဘ်အဖြစ် မင်္ဂလာဆောင်ညစာစားပွဲသို့ ခေါ်ခြင်းခံရမည်ဖြစ်သည်။ ကယ်တင်ခံရသူများအားလုံးက ၎င်းကို ပါဝင်ဆက်ဆံမည်မဟုတ်ပါ။
   c. သိုးသငယ်၏မင်္ဂလာဆောင်ညစာစားပွဲသို့ ခေါ်ခြင်းခံရသည့် အောင်မြင်သော ယုံကြည်သူများသည် သိုးသငယ်၏ သတို့သမီးလည်း ဖြစ်ကြလိမ့်မည်ဖြစ်သည် - ဗျာ၊၁၉း၈-၉။

*© 2025 Living Stream Ministry*

Message Two

# သတို့သမီးကို တည်ဆောက်ခြင်း

ဖတ်ရန်ကျမ်း။ ။ ကၢ၁း၂၆။ ၂း၇-၁၀၊ ၁၈-၂၅။ ဗျာ၊၁၉း၇-၉။ ၂၁း၉-၁၁

**I. ဘုရားသခင်၏ တည်ဆောက်ခြင်းသည် သမ္မာကျမ်းစာတစ်အုပ်လုံး၌ အလယ်ဗဟို အကြောင်းအရာ ဖြစ်သည်။ ခရစ်တော်၏ သတို့သမီးသည် သုံးပါးတစ်ပါးဘုရား၏ တည်ဆောက်ခြင်းဖြစ်သည်- "ယေဟောဝါဘုရားသခင်သည် လူထဲကထုတ်သော နံရိုးဖြင့် လူမိန်းမကို တည်ဆောက်၍ လူရှိရာသို့ ဆောင်ခဲ့တော်မူ၏" - က၊၂း၂၂။**

A. သမ္မာကျမ်းစာတစ်အုပ်လုံးကို တည်ဆောက်ရေး လက်စွဲစာအုပ်နှင့် ခိုင်းနှိုင်းနိုင်သည်။ သန့်ရှင်းသော သမ္မာကျမ်းစာ၌ရှိသော ဘုရားဆိုင်ရာဖွင့်ပြခြင်း၏အစအဦးအဖြစ် ဒေင်ဥယျာဉ်နှင့်စပ်လျဉ်းသော ဖွင့်ပြခြင်းနှင့် သန့်ရှင်းသောသမ္မာကျမ်းစာ၌ရှိသော ဘုရားဆိုင်ရာဖွင့်ပြခြင်း အဆုံးအဖြစ် ယေရုရှလင်မြို့သစ်နှင့်စပ်လျဉ်းသောဖွင့်ပြခြင်းမှာ တစ်ခုနှင့်တစ်ခုရောင်ပြန်ဟပ်သည်။

B. သမ္မာကျမ်းစာရှိ ဤအပိုင်းနှစ်ပိုင်း၌ ဖွင့်ပြထားသည့်အရာမှာ ဘုရားသခင်၏ အလယ်ဗဟို စဉ်းစားချက်၊ ဘုရားဆိုင်ရာ ဖွင့်ပြခြင်း၏ အလယ်ဗဟိုကျသောလမ်းကြောင်းနှင့် သန့်ရှင်းသော သမ္မာကျမ်းစာကို အနက်ပြန်ဆိုရန်နှင့် နားလည်သဘောပေါက်နိုင်ရန် ထိန်းချုပ်ပေးသော မူအလေ့အလာ ဖြစ်သည်။

1. ကမ္ဘာဦး၊ ၁ နှင့် ၂ သည် ကိုယ်တော်၏ ဘုရားဆိုင်ရာ တည်ဆောက်ခြင်း ရရှိရန် ဘုရားသခင်၏ အသက်ဆိုင်ရာ ဗိသုကာ အစီအစဉ်၏ ပုံစံပြာ ဖြစ်သည် (ဟေဗြဲ၊၁၁း၁၀)။ ဘုရားသခင်၏ အလိုတော်မှာ ခရစ်တော်ကို ကျွန်ုပ်တို့၏အတွင်းပိုင်း စေ့စပ်ထုံးဖွဲ့ခြင်းအဖြစ်သို့ တည်ဆောက်ရန် ဖြစ်သည်။ သို့မှသာ ကျွန်ုပ်တို့၏ဖြစ်ခြင်းတစ်ခုလုံးသည် ခရစ်တော်နှင့် ပြန်လည်ဖွဲ့စည်းခံရမည်ဖြစ်သည်။ ဤနည်းအားဖြင့် ဘုရားသခင်သည် ကိုယ်တော်၏ ပုံသဏ္ဍာန်တော်၌ ကိုယ်တော်အား ထင်ရှားရန်နှင့် ကိုယ်တော်၏ အခွင့်အာဏာအား ကိုယ်စားပြုရန် စုပေါင်းထားသော လူတစ်ဦးကို ရရှိမည်ဖြစ်သည် (က၊ ၁း၂၆။ ၁ကော၊၃း၉။ မ၊၁၆း၁၈။ ၂ရှမွေ၊၇း၁၂-၁၄က)။
2. ဗျာဒိတ် ၂၁ နှင့် ၂၂ သည် တည်ဆောက်ပြီးစီးသော အဆောက်အအုံ၏ ဓာတ်ပုံ၊ သုံးပါးတစ်ပါးဘုရား၏ စုပေါင်းထင်ရှားခြင်း ဖြစ်သည်။ ယေရုရှလင်မြို့သစ်သည် ဒေင်ဥယျာဉ်နှင့်စပ်လျဉ်းသော ဘုရာဆိုင်ရာ ဖွင့်ပြခြင်း၏ ရောင်ပြန်ဟပ်မှုနှင့် ပြည့်စုံခြင်း ဖြစ်သည်။
3. ခရစ်တော်သည် အောင်မြင်သူများ၏ စုစုပေါင်းဖြစ်သော သတို့သမီးကို လက်ထပ်ရန် သတို့သားအဖြစ် ပြန်ကြွလာတော်မူမည်။ ဤခေတ်ကာလ၌ အောင်မြင်သူများ၏ တည်ဆောက်ခြင်းသည် နိုင်ငံတော် ခေတ်ကာလ၌ ယေရုရှလင်မြို့သစ်၏ ကနဦးပြည့်စုံခြင်းအတွက်ဖြစ်၍ (၁၉း၇-၉) နောက်ဆုံး၌မူ ကောင်းကင်သစ်နှင့် မြေကြီးသစ်တွင် ယေရုရှလင်မြို့သစ်၌ အပြည့်အဝ ပြည့်စုံခြင်းအတွက် ဖြစ်သည် (၂၁း၂)။
4. ရာစုနှစ်များတစ်လျှောက် သန့်ရှင်းသောဝိညာဉ်တော်၏ အစဉ်အမြဲ လုပ်ဆောင်တော်မူခြင်းအားဖြင့် ဤပန်းတိုင်သည် ဤခေတ်ကာလ၏အဆုံး၌ ပြည့်စုံလိမ့်မည် ဖြစ်သည်။ ထိုအခါ သတို့သမီးဖြစ်သော အောင်မြင်သော ယုံကြည်သူများသည် အဆင်သင့်ဖြစ်လိမ့်မည်ဖြစ်ပြီး၊ ဘုရားသခင်၏ နိုင်ငံတော်သည် ရောက်လာမည် ဖြစ်သည် - မ၊ ၂၆း၂၉။ ၁၃း၄၃။
5. စုပေါင်းထားသော သတို့သမီးဖြစ်သော ယေရုရှလင်မြို့သစ်သည် ဘုရားသခင်၏ အကြံအစည် နှစ်ရပ်ကို ပြည့်စုံစေလိမ့်မည်ဖြစ်သည် (က၊၁း၂၆)။ ပထမဦးစွာ ယေရုရှလင်မြို့သစ်သည် ကိုယ်တော်၏ဘုန်းတော်အတွက် ဘုရားသခင်၏ ပြည့်ဝသော ပုံသဏ္ဍာန်တော်၌ ဘုရားသခင်ကို အပြည့်အဝ ထင်ရှားခြင်းဖြစ်လိမ့်မည်ဖြစ်သည် (ဗျာ၊၂၁း၁၁။ ညွှန်း၊ ၄း၃)။ ဒုတိယအနေဖြင့် ဤယေရုရှလင်မြို့သစ်သည် ရန်သူကို နှိမ်နင်းပြီး၊ မြေကြီးကို အောင်နိုင်ကာ၊ စကြဝဠာတစ်ခုလုံးအပေါ် ကိုယ်တော်၏ အုပ်စိုးခြင်းဖြင့် ဘုရားသခင်၏ အခွင့်အာဏာကို လေ့ကျင့်လိမ့်မည်ဖြစ်သည် (က၊၁း၂၆။ ဗျာ၊၂၂း၅။ ညွှန်း၊ ၂၀း၁၀၊ ၁၄-၁၅)။

C. ဘုရားသခင်၏ လူမျိုးတော်ဖြစ်သော ကျွန်ုပ်တို့သည် ဘုရားသခင်နှင့် မေတ္တာဆက်နွယ်မှုသို့ ဝင်ရောက်သောအခါ၊ ဧဝသည် အာဒံ၏အသက်ကို လက်ခံယူသကဲ့သို့ ကျွန်ုပ်တို့သည်လည်း ကိုယ်တော်၏ အသက်ကို လက်ခံရရှိကြသည်။ ဤအသက်သည် ကျွန်ုပ်တို့အား ဘုရားသခင်နှင့် တစ်လုံးတစ်ဝတည်းဖြစ်စေရန်နှင့် ကိုယ်တော်အား ကျွန်ုပ်တို့နှင့် တစ်လုံးတစ်ဝတည်း ဖြစ်စေရန် တတ်စွမ်းနိုင်သည် - က၊၂း၂၁-၂၂။

**II. ဘုရားသခင်နှင့် ကိုယ်တော်၏လူတို့ တစ်လုံးတစ်ဝတည်းဖြစ်ရန် သူတို့နှစ်ဦးအကြားတွင် အပြန်အလှန်ချစ်ခြင်းမေတ္တာ ရှိရမည်။ သမ္မာကျမ်းစာတွင် ဖော်ပြထားသော ဘုရားသခင်နှင့် ကိုယ်တော်၏လူတို့၏ ချစ်ခြင်းမေတ္တာသည် အဓိက အားဖြင့် အမျိုးသားနှင့် အမျိုးသမီးတို့ ချစ်ခင်မြတ်နိုးသော မေတ္တာနှင့်တူသည် - ယော၊၁၄း၂၁၊ ၂၃။ ယေ၊ ၂း၂။ ၃၁း၃။**

A. ဘုရားသခင်၏ လူမျိုးတို့သည် ဘုရားသခင်ကို ချစ်မြတ်နိုးပြီး ကိုယ်တော်၏ နှုတ်ကပတ်တော်၌ ကိုယ်တော်နှင့် မိတ်သဟာယဖွဲ့ရန် အချိန်ယူသောအခါ ဘုရားသခင်သည် သူတို့ကို ကိုယ်တော်၏ဘုရားဆိုင်ရာ ဒြပ်သဘာဝနှင့် ဖြည့်သွင်းပေးပြီး၊ သူတို့အား ကိုယ်တော်၏ အိမ်ထောင်ဖက်အဖြစ် ကိုယ်တော်နှင့် တစ်လုံးတစ်ဝတည်းဖြစ်စေကာ၊ အသက်၊ သဘောသဘာဝနှင့် ထင်ရှားခြင်းတို့၌ ကိုယ်တော်ကဲ့သို့ ဖြစ်စေသည် - ဆာ၊၁၁၉း၁၄၀၊ ၁၅-၁၆။

B. ဘုရားသခင်သည် ကျွန်ုပ်တို့ကို ဦးစွာ ချစ်တော်မူသည်၊ အကြောင်းမှာ ကိုယ်တော်သည် မိမိ၏ချစ်ခြင်းမေတ္တာကို ကျွန်ုပ်တို့အတွင်းသို့ ဖြည့်သွင်းပေးပြီး၊ ကိုယ်တော်နှင့် ညီအစ်ကိုများကို ချစ်သောမေတ္တာကို ကျွန်ုပ်တို့အတွင်း၌ ဖြစ်ပေါ် စေသည်- ၁ယော၊၄း၁၉-၂၁။

C. ဘုရားသခင်ထံမှ ကျွန်ုပ်တို့ရရှိသော အသက်သည် ချစ်ခြင်းမေတ္တာ၏အသက်ဖြစ်သည်။ ခရစ်တော်သည် ဤလောက၌ ချစ်ခြင်းမေတ္တာအဖြစ် ဘုရားသခင်၏အသက်ကို အသက်ရှင်တော်မူခဲ့ပြီး၊ ယခု ကိုယ်တော်သည် ကျွန်ုပ်တို့၏အသက် ဖြစ်တော်မူသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည်လည်း ဤလောက၌ ထိုချစ်ခြင်းမေတ္တာအသက်ကို အသက်ရှင်နိုင်ပြီး ကိုယ်တော်ကဲ့သို့ ဖြစ်နိုင်သည် - ၃း၁၄။ ၅း၁။ ၂း၅-၆။ ၄း၁၇။

D. ကျွန်ုပ်တို့၏ ဇာတိချစ်ခြင်းမေတ္တာကို လက်ဝါးကပ်တိုင်ပေါ် တင်ထားရမည်။ ဘုရားသခင်၏ ချစ်ခြင်းမေတ္တာနှင့် ကျွန်ုပ်တို့၏ ဇာတိချစ်ခြင်းမေတ္တာတို့အကြားရှိ ကွာခြားချက်တစ်ခုမှာ ကျွန်ုပ်တို့၏ ချစ်ခြင်းမေတ္တာသည် အလွယ်တကူ စိတ်ခုတတ်ခြင်း ဖြစ်သည်။

E. ကျွန်ုပ်တို့သည် ခရစ်တော်၏ချစ်ခြင်းမေတ္တာဖြင့် လွှမ်းခြုံခံရ၍ သယ်ဆောင်ခံရသောသူများ ဖြစ်ရမည်။ ဘုရားဆိုင်ရာ ချစ်ခြင်းမေတ္တာသည် ကျွန်ုပ်တို့ဆီသို့ လျင်မြန်စွာ စီးဆင်းလာသော ရေစီးသန်သော လှိုင်းလုံးကြီးများကဲ့သို့ ဖြစ်သင့်ပြီး၊ ကျွန်ုပ်တို့၏ ထိန်းချုပ်မှုထက်လွန်၍ ကိုယ်တော်ကို အသက်ရှင်ရန် ကျွန်ုပ်တို့ကို တွန်းအားပေးသည် - ၂ကော၊၅း၁၄။

F. ညီအစ်ကိုချင်း ချစ်ခြင်းမေတ္တာနှင့်ဆိုင်သော ပညတ်သည် အဟောင်းလည်းဖြစ်သကဲ့သို့ အသစ်လည်း ဖြစ်သည်။ အဟောင်းဖြစ်ခြင်းမှာ ယုံကြည်သူများသည် သူတို့၏ ခရစ်ယာန်အသက်တာ အစကတည်းက ၎င်းကို ပိုင်ဆိုင်ထားသောကြောင့်ဖြစ်သည်။ အသစ်ဖြစ်ခြင်းမှာ သူတို့၏ ခရစ်ယာန်လျှောက်လှမ်းခြင်း၌ အလင်းသစ်ဖြင့် ထွန်းလင်းလာပြီး အလင်းအသစ်နှင့် လတ်ဆတ်သော တန်ခိုးဖြင့် အကြိမ်ကြိမ် ထွန်းလင်းတောက်ပသောကြောင့် ဖြစ်သည် - ၁ယော၊ ၂း၇-၈။ ၃း၁၁၊ ၂၃။ ညွှန်း၊ ယော၊၁၃း၃၄။

G. ခရစ်တော်၏ သတို့သမီးဖြစ်လာရန်အလို့ငှာ ကိုယ်ခန္ဓာတော်သည် မေတ္တာ၌ မိမိကိုယ်ကို တည်ဆောက်လျက်ရှိသည် (ဧ၊ ၄း၁၆)။ ကျွန်ုပ်တို့၏ ဘုရားသခင် ပေးတော်မူသော၊ အသစ်တစ်ဖန်မွေးဖွားခံရသည့် ဝိညာဉ်သည် ချစ်ခြင်းမေတ္တာ၏ ဝိညာဉ် ဖြစ်တော်မူသည်။ ယနေ့ခေတ် အသင်းတော်၏ ယိုယွင်းကျဆင်းမှုကို အောင်နိုင်ရန် ကျွန်ုပ်တို့သည် တောက်လောင်သော ချစ်ခြင်းမေတ္တ၏ ဝိညာဉ် လိုအပ်သည် (၂တိ၊၁း၇)။

H. "အသိပညာသည် ထောင်လွှားစေတတ်၏။ မေတ္တာမူကား တည်ဆောက်တတ်၏" (၁ကော၊၈း၁ခ။ ညွှန်း၊ ၂ကော၊၃း၆)။ အချင်းချင်း တစ်ဦးကိုတစ်ဦး ချစ်ခြင်းမှာ ကျွန်ုပ်တို့သည် ခရစ်တော်နှင့်သက်ဆိုင်ကြောင်း လက္ခဏာဖြစ်သည် (ယော၊၁၃း၃၄-၃၅)။ အသင်းတော်၌ ပထမ ဖြစ်လိုခြင်းမှာ ညီအစ်ကို အားလုံးကို ချစ်ခြင်းနှင့် ဆန့်ကျင်ဘက် ဖြစ်သည် (၃ယော၊ ၉)။

I. သခင်ယေရှုသည် ကျွန်ုပ်တို့ ဘုရားအသက်ကို ရရှိနိုင်ရန် မိမိစိတ်အသက်ကို စွန့်တော်မူခဲ့သကဲ့သို့၊ ခရစ်တော်၏ သတို့သမီးကို ပြင်ဆင်ရန်အလို့ငှာ ကိုယ်ခန္ဓာတော်အသက်တာကို လေ့ကျင့်လုပ်ဆောင်ရာ၌ ညီအစ်ကိုများကို ချစ်ရန်နှင့် အသက်ကို အမှုဆောင်ရန် ကျွန်ုပ်တို့သည် မိမိတို့၏ စိတ်အသက်ကို ဆုံးရှုံးခံပြီး မိမိကိုယ်ကို ငြင်းပယ်ရမည် - ၁ယော၊၃း၁၆။ ၄း၁၇ နှင့် မှတ်စု၊ ၅။ ယော၊၁၀း၁၁၊ ၁၇-၁၈။ ၁၅း၁၃။ ဧ၊၄း၂၉ - ၅း၂။ ၂ကော၊၁၂း၁၅။ ရော၊၁၂း၉-၁၃။

J. ခရစ်တော်၏ အသက်ဆိုင်ရာ ကိုယ်ခန္ဓာတော်ကို တည်ဆောက်ရန်အလို့ငှာ ကျွန်ုပ်တို့သည် မည်သည့်အရာမဆို ဖြစ်ရန်၊ မည်သည့်အရာကိုမဆို လုပ်ဆောင်ရန် ချစ်ခြင်းမေတ္တာသည် အကောင်းဆုံးနည်းလမ်းဖြစ်သည် - ၁ကော၊၁၂း၃၁ခ- ၁၃း၈က။

**III. ဘုရားသခင်သည် သူကိုယ်တော်တိုင်အတွက် အဖော်အဖက်တစ်ဦးကို ထုတ်လုပ်ရန် မည်သို့ပြုတော်မူခဲ့သည်ကို ကျွန်ုပ်တို့မြင်ရန် လိုအပ်သည်။ ကမ္ဘာဦး ၂ သည် အာဒံနှင့် ဧဝတို့၏ပုံစံအားဖြင့် ခရစ်တော်နှင့် ကိုယ်တော်၏သတို့သမီး ပုံရိပ်ကို ဖော်ပြထားသည်။**

A. အာဒံသည် မိမိကိုယ်တော်တိုင်အဖို့ ဇနီးကို ရှာဖွေနေသည့် စစ်မှန်သော၊ စကြဝဠာဆိုင်ရာ ခင်ပွန်းဖြစ်သော ခရစ်တော်၌ ရှိသော ဘုရားသခင်ကို ပုံဆောင်သည် - ရော၊၅း၁၄။ ညွှန်း၊ ယော၊၃း၂၉။ ၂ကော၊၁၁း၂။ ဧ၊၅း၃၁-၃၂။ ဗျာ၊၁၉း၇-၉။ ၂၁း၉-၁၁။

B. "ယေဟောဝါဘုရားသခင်ကလည်း၊ လူသည် တစ်ယောက်တည်းမနေကောင်း၊ သူ၏အဖော်အဖက်တည်းဟူသော အထောက်အမကို သူ့ဖို့ ငါလုပ်ဦးမည်ဟု အကြံရှိတော်မူ၏" - က၊ ၂း၁၈။

1. အာဒံသည် ဇနီးတစ်ဦးလိုအပ်ခြင်းမှာ  ကိုယ်တော်၏ စီမံကိန်း၌ ကိုယ်တော်၏အဖော်အဖက်၊ ကိုယ်တော်ကို ပြည့်စုံစေမည့်သူ (စာသားအရ၊ ကိုယ်တော်၏တူညီသောသူ) အဖြစ် ဇနီးတစ်ဦးအား ဘုရားသခင်၏လိုအပ်မှုကို ပုံဆောင်သည်။ ဘုရားသခင်၊ ခရစ်တော်သည် လုံးဝနှင့် ထာဝရ တည်ကြည်စုံလင်သော်လည်း ကိုယ်တော်၏ ဇနီးဖြစ်သော အသင်းတော် မရှိလျှင် မပြည့်စုံပါ။

2. ဘုရားသခင်သည် ခရစ်တော်ကို ပုံဆောင်သော အာဒံနှင့် အသင်းတော်ကို ပုံဆောင်သော ဧဝ နှစ်ဦးစလုံးကို အလိုရှိတော်မူသည်။ ကိုယ်တော်၏ ရည်ရွယ်ချက်မှာ "သူတို့သည် အုပ်စိုးစေ"ခြင်းငှာ (၁း၂၆) ဖြစ်သည်။ ၎င်းမှာ အောင်မြင်သော ခရစ်တော်နှင့် အောင်မြင်သော အသင်းတော်၊ မာရ်နတ်၏လုပ်ငန်းကို အောင်မြင်သော ခရစ်တော်နှင့် မာရ်နတ်၏ လုပ်ငန်းကို ဖျက်ဆီးသော အသင်းတော်ကို ရရှိရန် ဖြစ်သည်။ ဘုရားသခင်သည် ခရစ်တော်နှင့် အသင်းတော်ကို အုပ်စိုးခြင်းရှိစေရန် အလိုရှိတော်မူသည် (ရော၊၅း၁၇။ ၁၆း၂၀။ ဧ၊၁း၂၂-၂၃)။

C. ဘုရားသခင်သည် မြေ၌ရှိသော တိရစ္ဆာန်အပေါင်းနှင့် ကောင်းကင်၌ရှိသော ငှက်အပေါင်းတို့ကို မြေမှုန့်ဖြင့် ပုံသွင်း၍ အာဒံထံသို့ ဆောင်ခဲ့တော်မူ၏။ "လူသည်လည်း သားယဉ်အပေါင်းတို့ကိုလည်းကောင်း၊ ကောင်းကင်ငှက်အပေါင်းတို့ကို လည်းကောင်း မြေ၌ရှိသော သတ္တဝါအပေါင်းတို့ကို အမည်ပေးလေ၏။ သို့သော်လည်း အာဒံအဖို့ အဖော်အဖက်တည်းဟူသော အထောက်အမ မပေါ်မရှိသေး" - က၊ ၂း၁၉-၂၀။

D. ဇနီးသည် အသက်၊ သဘောသဘာဝနှင့် ထင်ရှားခြင်းတို့၌ ခင်ပွန်းနှင့် တူညီရမည်။ နွား၊ ငှက်နှင့် တိရစ္ဆာန်တို့တွင် အာဒံသည် မိမိနှင့်လိုက်ဖက်ညီသော မိမိနှင့်တူညီသောအဖော်ကို မတွေ့ရှိခဲ့ပါ - အငယ်၊ ၂၃။

E. သူကိုယ်တော်တိုင်အဖို့ ပြည့်စုံစေမည့်သူကို ထုတ်လုပ်ရန်အလို့ငှာ အာဒံကို ဖန်ဆင်းခြင်းဖြင့် ပုံဆောင်ထား သကဲ့သို့ ဘုရားသခင်သည် ဦးစွာ လူဖြစ်လာခဲ့သည် - ယော၊၁း၁၄။ ရော၊ ၅း၁၄။

F. "ယေဟောဝါ ဘုရားသခင်သည် လူကို ကြီးသော အိပ်ခြင်းနှင့် အိပ်စေတော်မူ၍၊ သူသည် အိပ်ပျော်စဉ်၊ ကိုယ်တော်သည် သူ၏အရိုးများမှ တစ်ချောင်းကို ထုတ်ပြီးလျှင်၊ ထိုအရိုးအစား အသားကို စေ့စပ်စေတော်မူ၏" - က၊ ၂း၂၁။

1. သူ၏ဇနီးအဖြစ် ဧဝကို ထွက်ပေါ်လာစေရန် အာဒံ၏ကြီးသောအိပ်ခြင်းသည် ကိုယ်တော်၏အဖော်အဖက်အဖြစ် အသင်းတော် ထွက်ပေါ်လာစေရန် ကားတိုင်ပေါ်တွင် ခရစ်တော်၏ အသေခံခြင်းကို ပုံဆောင်သည် - ဧ၊ ၅း၂၅-၂၇။

2. သမ္မာကျမ်းစာ၌ အိပ်ပျော်ခြင်းမှာ သေခြင်းကို ဆိုလိုသည် - ၁ကော၊၁၅း၁၈။ ၁သက်၊၄း၁၃-၁၆။ ယော၊၁၁း၁၁-၁၄။

3. ခရစ်တော်၏ အသေခံခြင်းသည် အသက်-လွတ်မြောက်စေခြင်း၊ အသက်-ထည့်သွင်းပေးခြင်း၊ အသက်-ပျံ့နှံ့စေခြင်း၊ အသက်-ပွားများစေခြင်းနှင့် အသက်-ပြန်လည်ထုတ်လုပ်ပေးသော သေခြင်းဖြစ်သည်၊ ၎င်းကို မြေသို့ကျ၍ သေပြီးမှ ကြီးထွားကာ အသင်းတော်ဖြစ်သော ကိုယ်ခန္ဓာတော်တည်းဟူသော မုန့်တစ်လုံးကို ပြုလုပ်ရန်အတွက် (၁ကော၊၁၀း၁၇) များစွာသော ဂျုံစပါးများကို ထုတ်လုပ်ပေးသော ဂျုံစပါးစေ့ဖြင့် ပုံဆောင်ထားသည် (၁၂း၂၄)။

4. ခရစ်တော်၏ အသေခံတော်မူခြင်းအားဖြင့် ကိုယ်တော်အတွင်းရှိ ဘုရားအသက်သည် လွတ်မြောက်ခဲ့ပြီး၊ ကိုယ်တော်၏ ထမြောက်တော်မူခြင်းအားဖြင့် ကိုယ်တော်၏ လွတ်မြောက်ခဲ့သော ဘုရားအသက်သည် အသင်းတော်ကို စေ့စပ်ထုံးဖွဲ့ရန် ကိုယ်တော်၏ ယုံကြည်သူများအတွင်းသို့ ထည့်သွင်းခဲ့သည် - လု၊၁၂း၄၉-၅၀။ ညွှန်း၊ ရော၊၁၂း၁၁။ ဗျာ၊၄း၅။

5. ထိုသို့သောလုပ်ငန်းစဉ်အားဖြင့် ခရစ်တော်၌ ဘုရားသခင်သည် လူအတွင်းသို့ ကိုယ်တော်၏အသက်နှင့် သဘောသဘာဝ အားဖြင့် ထည့်သွင်းခဲ့သည်။ သို့မှသာ လူသည် ကိုယ်တော်၏ အဖော်အဖက်တည်းဟူသော ကိုယ်တော်နှင့် တူညီရန်အလို့ငှာ အသက်နှင့် သဘောသဘာဝ၌ ဘုရားသခင်ကဲ့သို့ ဖြစ်နိုင်မည်ဖြစ်သည်။

G. "ယေဟောဝါ ဘုရားသခင်သည် လူထဲက ထုတ်သော နံရိုးဖြင့် လူမိန်းမကို တည်ဆောက်၍ လူရှိရာသို့ ဆောင်ခဲ့တော်မူ၏"- က၊ ၂း၂၂။

1. အာဒံ၏ ဘေးနံရိုးမှ ထုတ်ယူသော နံရိုးသည် ခရစ်တော်၏ မဖျက်ဆီးနိုင်သော၊ မပျက်စီးနိုင်သော ထာဝရအသက်ကို ပုံဆောင်သည် (ဟေဗြဲ၊၇း၁၆။ ယော၊၁၉း၃၂-၃၃၊ ၃၆။ ထွ၊၁၂း၄၆။ ဆာ၊၃၄း၂၀)။ ၎င်းသည် ကိုယ်တော်၏ ထိုးဖောက် ခံရသောနံဘေးမှ (ယော၊၁၉း၃၄) စီးထွက်၍၊ ကိုယ်တော်၏ အဖော်အဖက်တည်းဟူသော အသင်းတော်ကို ထုတ်လုပ်ရန်နှင့် တည်ဆောက်ရန်အတွက် ကိုယ်တော်၏ ယုံကြည်သူများအထဲသို့ ထည့်သွင်းပေးခဲ့သည်။

a. ခရစ်တော်၏ နံဘေးမှ သွေးနှင့်ရေ ထွက်လာခဲ့သည်။ သို့သော် အာဒံ၏နံဘေးမှ ထွက်လာသောအရာမှာ သွေးမပါသော နံရိုးသာ ဖြစ်သည်။

b. ဤသည်မှာ အာဒံ၏အချိန်ကာလ၌ အပြစ်မရှိသောကြောင့် အသွေးအားဖြင့် ရွေးနုတ်ခြင်း မလိုအပ်သောကြောင့် ဖြစ်သည်။ ခရစ်တော်သည် လက်ဝါးကပ်တိုင်ပေါ် "အိပ်ပျော်"သောအချိန်၌ အပြစ်ပြဿနာ ရှိခဲ့သည်။ ထို့ကြောင့် ခရစ်တော်၏နံဘေးမှ ထွက်လာသော အသွေးသည် ကျွန်ုပ်တို့၏ တရားရေးဆိုင်ရာ ရွေးနုတ်ခြင်းအတွက် ဖြစ်သည်။

c. အသွေးနောက်တွင် ရေ စီးထွက်လာသည်၊ ၎င်းသည် ကျွန်ုပ်တို့၏ အသက်ဆိုင်ရာ ကယ်တင်ခြင်းအတွက် ဘုရားသခင်၏အသက်စီးဆင်းခြင်းဖြစ်သည် (ထွ၊၁၇း၆။ ၁ကော၊၁၀း၄။ စာရင်း၊ ၂၀း၈)။ ဤဘုရားဆိုင်ရာ၊ စီးဆင်းသော ဖန်ဆင်းခြင်းမခံသည့်အသက်သည် အာဒံ၏နံဘေးမှ ထုတ်ယူသော နံရိုးဖြင့် ပုံဆောင်ထားသည် (ရော၊၅း၁၀)။

2. ကမ္ဘာဦး ၂ တွင် ဧဝကို ဖန်ဆင်းသည်ဟု မဆိုထားဘဲ၊ တည်ဆောက်သည်ဟု ဆိုထားသည်။ အာဒံ၏နံဘေးမှ ထုတ်ယူသော နံရိုးဖြင့် ဧဝကို တည်ဆောက်ခြင်းသည် ခရစ်တော်၏ လက်ဝါးကပ်တိုင်ပေါ်၌ အသေခံတော်မူခြင်းအားဖြင့် လွတ်မြောက်ခဲ့သော ရှင်ပြန်ထမြောက်ခြင်းအသက်နှင့် ကိုယ်တော်၏ ရှင်ပြန်ထမြောက်ခြင်း၌ သူ၏ယုံကြည်သူများ အတွင်းသို့ ထည့်သွင်းပေးခြင်းဖြင့် အသင်းတော် တည်ဆောက်ခြင်းကို ပုံဆောင်သည် - ယော၊၁၂း၂၄။ ၁ပေ၊ ၁း၃။

3. စစ်မှန်သော ဧဝဖြစ်သော အသင်းတော်သည် ကိုယ်တော်၏ ယုံကြည်သူများအားလုံး၌ ခရစ်တော်၏ စုစုပေါင်း ဖြစ်သည်။ အသင်းတော်သည် ခရစ်တော်၏ ပြန်လည်ထုတ်လုပ်ခြင်းဖြစ်သည်။ ခရစ်တော်၏ ဒြပ်သဘာဝမှလွဲ၍ အသင်းတော်၌ အခြားဒြပ်သဘာဝ မရှိသင့်ပါ - က၊ ၅း၂။

H. ကိုယ်တော်၏ ရှင်ပြန်ထမြောက်ခြင်းအသက်နှင့် ခရစ်တော်ထံမှ ထွက်လာသောအရာသာ ကိုယ်တော်၏ သတို့သမီးအဖြစ် ကိုယ်တော်၏ပြည့်စုံခြင်း ဖြစ်နိုင်သည် (၁ကော၊၁၂း၁၂။ ဧ၊၂း၆။ ၅း၂၈-၃၀)။ အသင်းတော်သည် ခရစ်တော်မှ ဖြစ်သော စစ်မှန်သော ထုတ်ကုန်ဖြစ်သည်။ အသင်းတော်သည် "ခရစ်တော်နှင့်ဆိုင်ရာ" "ရှင်ပြန်ထမြောက်ခြင်းနှင့်ဆိုင်ရာ" နှင့် ကောင်းကင်ဆိုင်ရာ ဖြစ်သည်။

I. အာဒံနှင့် ဧဝသည် တစ်လုံးတစ်ဝတည်းဖြစ်၍ ခင်ပွန်းနှင့် ဇနီးအဖြစ် အတူတကွ အိမ်ထောင်အသက်တာကို အသက်ရှင်ခဲ့သည် (က၊၂း၂၄-၂၅)။ ဤသည်မှာ ယေရုရှလင်မြို့သစ်၌ အဆင့်ဆင့်ဖြတ်ကျော်၍ ပြီးမြောက်ပြည့်စုံခဲ့သော သုံးပါးတစ်ပါး ဘုရားသည် စကြဝဠာဆိုင်ရာ ခင်ပွန်းအဖြစ် ရွေးနုတ်ခံသော၊ အသစ်တစ်ဖန်မွေးဖွားခံသော၊ ပုံသဏ္ဌာန်ပြောင်းလဲခံရသော၊ ဘုန်းထင်ရှားသော လူသားဇာတိကို ဇနီးအဖြစ် ထာဝရ အတူတကွ အိမ်ထောင်အသက်တာကို အသက်ရှင်လိမ့်မည် ဖြစ်ကြောင်း ဖော်ပြသည် (ဗျာ၊ ၂၂း၁၇က)။

J. အဆုံးမရှိသော ထာဝရကာလ၌ ဘုရားဆိုင်ရာ၊ ထာဝရနှင့် အလွန်ဘုန်းကြီးသော အသက်အားဖြင့်၊ သူတို့သည် ဘုရားသခင်နှင့် လူတို့ တစ်ဝိညာဉ်တည်းဖြစ်သော ရောနှောပေါင်းစည်းခြင်းအသက်တာ၊ အလွန်ထူးကဲ၍ ကောင်းချီးနှင့် ရွှင်လန်းခြင်းတို့ဖြင့် လျှံထွက်သော အသက်တာကို အသက်ရှင်လိမ့်မည်။

© 2025 Living Stream Ministry

Message Three

## သတို့သမီး၏ ရင့်ကျက်ခြင်း

ဖတ်ရန်ကျမ်း။ ။ ဗျာ၊၁၉း၆-၉။ ယော၊၃း၂၉။ ယာ၊၅း၇။ မ၊၅း၄၈။ ကော၊၁း၂၈-၂၉။ ၃း၁၀-၁၁

### I. ဂရိစကားလုံး၌ *ရင့်ကျက်ခြင်း* ဟူသောစကားလုံး၏အဓိပ္ပာယ်မှာ "အဆုံးသို့ရောက်ရှိလာခြင်း" ဖြစ်သည်။

A. ပုံသဏ္ဌာန်ပြောင်းလဲခံရခြင်းမှာ ကျွန်ုပ်တို့၏ဇာတိဆိုင်ရာအသက်၌ ဇီဝတွင်းဖြစ်ပျက်မှု ပြောင်းလဲသွားခြင်းဖြစ်သည်။ ရင့်ကျက်ခြင်းမှာ ကျွန်ုပ်တို့ကို ပြောင်းလဲစေသော ဘုရားဆိုင်ရာအသက်ဖြင့် ပြည့်ဝခြင်းဖြစ်သည် - ဟေဗြဲ၊၆း၁။ ကော၊၄း၁၂။ ရော၊၁၂း၂။ ၂ပေ၊၁း၃။

B. ပုံသဏ္ဌာန်ပြောင်းလဲခြင်း၏ နောက်ဆုံးအဆင့်မှာ ရင့်ကျက်ခြင်း၊ အသက်၏ပြည့်ဝပြည့်စုံခြင်း ဖြစ်သည် - အငယ်၊၄။

C. ရင့်ကျက်သော ယုံကြည်သူတစ်ဦးသည် ကိုယ်ခန္ဓာတော်ကို သိကျွမ်း၍ ဂရုစိုက်ခြင်းရှိပြီး၊ ကိုယ်ခန္ဓာတော်အသိစိတ်နှင့် ကိုယ်ခန္ဓာတော်ဗဟိုပြုခြင်း ရှိလေသည် - ၁ကော၊၁၂း၁၆၊ ၁၈-၁၉၊ ၂၁၊ ၂၄။

### II. ဓမ္မသစ်၌ အသုံးပြုထားသည့်အတိုင်း *ရင့်ကျက်ခြင်း* ဟူသောစကားလုံးသည် ယုံကြည်သူများ၏ အပြည့်အဝ ကြီးထွားခြင်းနှင့် သူတို့အသစ်မွေးဖွားခံရသည့်အချိန်မှာ ရရှိသော ခရစ်တော်၏အသက်၌ စုံလင်လာခြင်းကို ရည်ညွှန်းသည် - တိတု၊၃း၅။ ၁ပေ၊ ၁း၃၊ ၂၃။ မ၊၅း၄၈။

A. ကျွန်ုပ်တို့သည် မိမိတို့ကိုယ်တိုင်ဖြင့် မည်သည့်အခါမျှ ကျေနပ်ရောင့်ရဲသွားခြင်းမရှိသင့်ဘဲ၊ ခရစ်တော်၏အသက်၌ ကြီးထွားခြင်းနှင့် ရင့်ကျက်ခြင်းကို ရှာဖွေဆည်းပူးခြင်း ရှိသင့်ပါသည် - ဖိ၊၃း၁၂၊ ၁၄။

B. ကျွန်ုပ်တို့သည် ဖြစ်ခဲ့ပြီးသောအရာများကို မေ့ပစ်လိုက်ပြီး ရှေ့မှာရှိသောအရာများကို လှမ်းကမ်းခြင်း၊ မိလေနီနိုင်ငံတော်၌ ခရစ်တော်ကို အဆုံးစွန် မွေ့လျော်ဝမ်းမြောက်ခြင်းအတွက် ခရစ်တော်ကို အပြည့်ဝဆုံး မွေ့လျော်ဝမ်းမြောက်မှုနှင့် အမြတ်ရရှိခြင်းနောက်သို့လိုက်ပြေးခြင်းအားဖြင့် ရင့်ကျက်ခြင်းသို့တိုင် ရှေ့ဆက်သွားခြင်း၊ ခေါ်ဆောင်ခံရခြင်း ရှိရန် လိုအပ်သည် - အငယ်၊၁၂-၁၅။

C. ဝိညာဉ်ရေးရာအသက်၌ ရင့်ကျက်ခြင်းအတွက် မရှိမဖြစ်လိုအပ်ချက်မှာ ဘုရားဆိုင်ရာအသက်၌ စဉ်ဆက်မပြတ် ကြီးထွားခြင်းရှိရန် ဖြစ်သည် - ဧ၊၄း၁၅။

D. ယုံကြည်သူများ၏ ခရစ်တော်အသက်၌ ကြီးထွားခြင်းနှင့် ရင့်ကျက်ခြင်း၏ အဆုံးစွန် ရလဒ်မှာ ပြည့်ဝစွာကြီးရင့်သောလူ - ရင့်ကျက်သောလူအဖြစ်သို့ ကြီးထွားလာသော ခရစ်တော်ကိုယ်ခန္ဓာတော်အဖြစ် အသင်းတော် - ဖြစ်သည် - အငယ်၊၁၃။

### III. ယာကုပ်သည် သူ၏ဩဝါဒစာစောင်၌ လယ်လုပ်သောသူသည် အဖိုးထိုက်သော မြေအသီးကို စိတ်ရှည်သည်းခံလျက် ထက်သန်စွာ စောင့်မျှော်ခြင်း သရုပ်ဖော်ပြချက်ကို အသုံးပြုထားသည် - ၅း၇။

A. သခင်ယေရှုသည် အမှန်ပင် စစ်မှန်သော လယ်လုပ်သောသူ၊ တုနှိုင်းရာမဲ့ လယ်လုပ်သောသူဖြစ်တော်မူသည် - မ၊၁၃း၃။

B. ကျွန်ုပ်တို့သည် သခင်ဘုရားကြွလာခြင်းကို စိတ်ရှည်သည်းခံလျက် စောင့်မျှော်နေကြစဉ် စစ်မှန်သောလယ်လုပ်သောသူဖြစ်သည့် ကိုယ်တော်သည် လယ်၏အဦးသီးများနှင့် ရိတ်သိမ်းခြင်းအဖြစ် ကျွန်ုပ်တို့ အသက်၌ရင့်ကျက်ခြင်းကို စိတ်ရှည်စွာ စောင့်မျှော်နေသည် - ဗျာ၊၁၄း၄၊ ၁၄-၁၅။

C. ကျွန်ုပ်တို့က "သခင်၊ လျင်မြန်စွာ ပြန်ကြွလာတော်မူပါ"ဟု ဆုတောင်းလျှင်၊ သခင်ဘုရားက "သင်သည် ငါ၏ပြန်ကြွလာခြင်းကို စောင့်မျှော်နေစဉ်၊ ငါသည် သင်၏ရင့်ကျက်ခြင်းကို စောင့်မျှော်နေသည်။ သင်၏ရင့်ကျက်ခြင်းသည်သာလျှင် ငါ၏ပြန်ကြွလာခြင်းကို လျင်မြန်စေနိုင်သည်" ဟု ပြောမည်ဖြစ်သည်။

D. ကျွန်ုပ်တို့သည် သခင်ဘုရားပြန်ကြွလာခြင်းကို စောင့်မျှော်ခြင်းအား အလေးအနက်ထားသည်ဆိုလျှင် ကျွန်ုပ်တို့သည် ရင့်ကျက်ခြင်းသို့တိုင်အောင် အသက်၌ကြီးထွားရန် လိုအပ်ကြောင်း သိမှတ်နားလည်ခြင်းမှာ ကျွန်ုပ်တို့အဖို့ ကြီးစွာ အကူအညီဖြစ်စေပါသည်။

**IV. ရင့်ကျက်ခြင်းမှာ ကျွန်ုပ်တို့၌ ခရစ်တော် အပြည့်အဝ ပုံပေါ်လာခြင်းဖြစ်သည်။ ယင်းမှာ ကျွန်ုပ်တို့သည် ကိုယ်တော်၏ပုံသဏ္ဍာန်တော်အထဲသို့ အပြည့်အဝ ပုံသဏ္ဍာန်ပြောင်းလဲခံရပြီးဖြစ်ကြောင်းကိုလည်း ဆိုလိုသည် - ဂလ၊၄း၁၉။ ၂ကော၊၃း၁၈။**

A. ကျွန်ုပ်တို့အသစ်မွေးဖွားချိန်မှစ၍ သခင်ဘုရားသည် ကျွန်ုပ်တို့၌ လုပ်ဆောင်လျက်ရှိနေပြီဖြစ်ပြီး၊ ထိုသို့ဖြင့် ကျွန်ုပ်တို့သည် ကိုယ်တော်၏ပုံသဏ္ဍာန်တော် ရှိနိုင်မည်ဖြစ်သည် - အငယ်၊၁၈၊ ရော၊၈း၂၉။

B. သခင်ဘုရားသည် ကိုယ်တော်၏ပုံသဏ္ဍာန်တော်ကို ကျွန်ုပ်တို့အထဲသို့ ပြည့်ဝစွာ လုပ်ဆောင်ပြီး၊ ကျွန်ုပ်တို့မှတစ်ဆင့် အပြည့်အဝထင်ရှားခြင်းရှိသောအခါ ကျွန်ုပ်တို့သည် အသက်၌ ရင့်ကျက်ခြင်းရှိကြလိမ့်မည်ဖြစ်သည် - ဧ၊၃း၁၆-၁၇။

**V. သီချင်းတကာ့သီချင်း အခန်းကြီး ၃ တွင် ရှာဖွေသောသူ၏ ရင့်ကျက်ခြင်းကို ပြသထားပြီး၊ အခန်းကြီး ၄ တွင် ထိုသို့သော ရင့်ကျက်ခြင်းမှာ အလိုဆန္ဒကို သိမ်းပိုက်လွှမ်းမိုးခံရခြင်းအားဖြင့် ရောက်ရှိလာခြင်းဖြစ်ကြောင်း ဆက်လက်ပြောထားသည်။ ရှာဖွေသောသူ၏ ရင့်ကျက်ခြင်း လျှို့ဝှက်ချက်မှာ သူမ၏အလိုဆန္ဒသည် အပြည့်အဝ သိမ်းပိုက်လွှမ်းမိုးခံရခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်း ရှိခဲ့ပြီးဖြစ်ခြင်း ဖြစ်သည် - အငယ်၊၄။**

A. လည်ပင်းသည် ဘုရားသခင်အောက်၌ လူသားအလိုဆန္ဒကို ပုံဆောင်သည်။ သခင်ဘုရားသည် ကျွန်ုပ်တို့၏အလိုဆန္ဒ ဝန်ခံမှုရှိခြင်းအား အလှပဆုံးသောအရာအဖြစ် မှတ်ယူတော်မူသည် - အငယ်၊၁၊၊ ၄။

B. ကျွန်ုပ်တို့၌ ဝန်ခံသောအလိုဆန္ဒရှိမည်ဆိုလျှင် ကျွန်ုပ်တို့၏အလိုဆန္ဒသည် လက်နက်မျိုးစုံကို သိုထားသော ဒါဝိဒ်၏ရဲတိုက်ကဲ့သို့ ထင်ရှားလိမ့်မည်ဖြစ်သည်။

1. ရှေ့ဦးစွာ ကျွန်ုပ်တို့၏အလိုဆန္ဒသည် သိမ်းပိုက်ခံရမည်။ ထိုနောက် ၎င်းသည် ရှင်ပြန်ထမြောက်ခြင်း၌ သန်စွမ်းလာ၍ ဝိညာဉ်ရေးရာစစ်ပွဲအတွက် လက်နက်တိုက်ဖြစ်သော ဒါဝိဒ်၏ရဲတိုက်ကဲ့သို့ ဖြစ်လိမ့်မည်ဖြစ်သည် - ဧ၊၆း၁၀။
2. ဝိညာဉ်ရေးရာစစ်ပွဲအတွက် လက်နက်များသည် ကျွန်ုပ်တို့၏ သိမ်းပိုက်ခံရသော၊ ရှင်ပြန်ထမြောက်သော အလိုဆန္ဒ၌ သိမ်းထားခြင်းဖြစ်သည် - ၂ကော၊၁၀း၃-၅။

**VI. ပေါလု၏အမှုတော်ပန်းတိုင်မှာ လူသစ်တစ်ဦးအတွက် ခရစ်တော်၌ လူတိုင်းကို ရင့်ကျက်သော၊ ပြည့်ဝစွာ ကြီးရင့်သောသူအဖြစ် ဆက်သရန်ဖြစ်သည် - ကော၊၁း၂၈-၂၉။ ၃း၁၀-၁၁။**

A. ကောလောသဲ ၁း၂၈ ရှိ "ပြည့်ဝသောကြီးရင့်ခြင်း"ဟု ဖော်ပြသည့် ဂရိစကားလုံးကို "စုံလင်ခြင်း၊" "ပြည့်စုံခြင်း၊" သို့မဟုတ် "ရင့်ကျက်ခြင်း"ဟုလည်း ဘာသာပြန်ဆိုနိုင်သည်။

B. ပေါလု၏အမှုတော်သည် ခရစ်တော်ကို အခြားသူများအထဲသို့ ဝေငှဖြန့်ဖြူးရန်ဖြစ်ပြီး၊ ထိုသို့ဖြင့် သူတို့သည် ပြည့်ဝစွာ ကြီးထွားလာသည့်တိုင် ခရစ်တော်၌ ရင့်ကျက်ခြင်းအားဖြင့် စုံလင်ခြင်းနှင့် ပြည့်စုံခြင်းရှိရန် ဖြစ်သည်။

**VII. ကမ္ဘာဦး ၃၇ မှ ၄၇ အထိသည် ယာကုပ်၏ ရင့်ကျက်လာခြင်း ဖြစ်စဉ် မှတ်တမ်းဖြစ်သည်။**

A. ကမ္ဘာဦး ၂၇ တွင် လှည့်စားလုယူသူကို တွေ့ရသည်။ အခန်း ၃၇ တွင် ပုံသဏ္ဍာန်ပြောင်းလဲသောလူကို တွေ့ရပြီး၊ အခန်း ၄၇ အဆုံးတွင် ရင့်ကျက်သော ပုဂ္ဂိုလ်ကို တွေ့ရသည်။

B. ပုံသဏ္ဍာန်ပြောင်းလဲခြင်း၏ နောက်ဆုံးအဆင့်မှာ ရင့်ကျက်ခြင်း၊ အသက်၏ပြည့်ဝပြည့်စုံခြင်း ဖြစ်သည်။

1. ဘုရားသခင်၏ ထာဝရအကြံအစည်တော်သည် ကျွန်ုပ်တို့၏ ပုံသဏ္ဍာန်ပြောင်းလဲခြင်းနှင့် ရင့်ကျက်လာခြင်းမှတစ်ဆင့်သာ ပြီးမြောက်ပြည့်စုံနိုင်သည် - ၁း၂၆။ ကော၊၁း၂၈။ ၂း၁၉။
2. ရင့်ကျက်ခြင်းသည် ကျွန်ုပ်တို့အထဲသို့ ဘုရားဆိုင်ရာအသက်ကို တစ်ကြိမ်ပြီးတစ်ကြိမ် ဖြည့်သွင်း၍ ကျွန်ုပ်တို့၌ အသက်၏ပြည့်ဝပြည့်စုံခြင်းရှိသည့်တိုင် ဖြည့်ပေးခံရခြင်း အကြောင်းအရာဖြစ်သည် - ယော၊၁၀း၁၀။

C. ရင့်ကျက်ခြင်းသည် ဝင်ဆံ့သည့်ပမာဏ ကြီးမားကျယ်ပြန့်လာခြင်းအကြောင်းအရာဖြစ်သည် - ဆာ၊၄း၁။

1. အသက်၌ ရင့်ကျက်ခြင်းသည် သန့်ရှင်းသောဝိညာဉ်တော်၏ ထိန်းသိမ်းကြပ်မတ်ပေးခြင်းကို ရရှိခြင်း၏ စုစုပေါင်း ရလဒ်ဖြစ်သည် - ဟေဗြဲ၊၁၂း၅-၁၁။
2. အခြားသူများက လူတစ်ဦး၏ အသက်၌ရင့်ကျက်လာခြင်းကို မြင်တွေ့နိုင်ပေသည်။ သို့သော် ထိုပုဂ္ဂိုလ်က နှစ်ပေါင်းများစွာအတွင်း တစ်ရက်ပြီးတစ်ရက် လျှို့ဝှက်စွာဖြင့် လက်ခံရရှိခဲ့သော သန့်ရှင်းသောဝိညာဉ်တော်၏ ထိန်းသိမ်းကြပ်မတ်ပေးခြင်းကို စုဆောင်းရရှိခြင်းကိုမူ သူတို့ မမြင်နိုင်ကြပေ - ၂ကော၊၁း၈-၁၀။ က၊၄၇း၇၊ ၁၀။

D. ကျွန်ုပ်တို့ကို ဖြည့်ထားလျက်ရှိသည့် အရာခပ်သိမ်းမှ ကျွန်ုပ်တို့ကို ဗလာဖြစ်စေရန် ဘုရားသခင်သည် ပုဂ္ဂိုလ်များ၊ အရာ များ၊ ဖြစ်ရပ်များကို အုပ်စိုးမှုရှိစွာဖြင့် အသုံးပြု၍၊ စိတ်ကိုလွှမ်းမိုးထားသောအရာမှန်သမျှကို ဖယ်ရှားပေးမည်ဖြစ်သည်၊ သို့မှသာ ကျွန်ုပ်တို့သည် ဘုရားသခင်ဖြင့် ပြည့်ဝလာရန် ဝင်ဆံ့သည့်ပမာဏတိုးပွားလာမည်ဖြစ်သည်-လု၊၁း၅၃။ မ၊၅း၆။

E. ယာကုပ်၏အသက်တာက ကျွန်ုပ်တို့ထံ ဖြစ်ပျက်ထားသမျှ အရာခပ်သိမ်းသည် ကျွန်ုပ်တို့၏ပုံသဏ္ဌာန်ပြောင်းလဲခြင်းနှင့် ရင့်ကျက်ခြင်းအတွက် ဘုရားသခင်၏အုပ်စိုးစီမံမှုအောက်တွင် ရှိနေကြောင်း ဖွင့်ပြထားသည်။ မည်သည့်အရာမျှ အမှတ်တမဲ့ဖြစ်လာခြင်းမဟုတ်ပါ။
1. ရင့်ကျက်ခြင်းရှိလာရန်အလို့ငှာ ယာကုပ်သည် ဦးစွာ သူ့စိတ်နှလုံး၏ ရတနာဖြစ်သည့် ယောသပ်ဆုံးရှုံးရခြင်းကို ခံစားခဲ့ရသည် - က၊၃၇း၃၁-၃၅။
2. ရင့်ကျက်သော ယုံကြည်သူတစ်ဦးမှာ ဘုရားသခင်သည် ကရုဏာတော်ကြွယ်ဝကာ၊ အခြေအနေမျိုးစုံရှိသမျှ၌ သူ၏ လိုအပ်မှုကို ဖြည့်ဆည်းရန် အရာအားလုံးလုံလောက်ပြည့်စုံကြောင်း သိရှိနားလည်သည် - ၄၃း၁၁၊ ၁၃-၁၄။ ၁၇း၁။ ဖိ၊၁း၁၉-၂၁က။ ၄း၁၁-၁၂။ ဩွန်း၊ ၁တိ၊၆း၆-၈။
3. သူ၏ ကိုးစားမှုနှင့် နားခိုမှုမှာ အရာအားလုံးလုံလောက်ပြည့်စုံသော ဘုရားသခင်၏ ကရုဏာတော်၌သာ လုံးလုံးဖြစ်ပြီး၊ မိမိကိုယ်တိုင်၌ သို့မဟုတ် မိမိ၏တတ်စွမ်းနိုင်ခြင်း၌ မဟုတ်တော့ပေ - ရော၊၉း၁၆။
4. ယာကုပ်၏ ရင့်ကျက်ခြင်း အခိုင်မာဆုံးအမှတ်လက္ခဏာမှာ သူသည် အခြားသူများကို ကောင်းချီးပေးခြင်းဖြစ်သည် - က၊ ၄၇း၇၊ ၁၀။ ၄၈း၁၄-၁၆။ ဟေဗြဲ၊၇း၇။

## VIII. ရင့်ကျက်သောသတို့သမီးသည် ဘုရားသခင်၏အလိုတော်နှင့် အကြံအစည်တော်၏ ပန်းတိုင်ဖြစ်သည် - ဗျာ၊၁၉း၇-၉။

A. စုပေါင်းထားသော သတို့သမီး၏ အဆင်သင့်ဖြစ်ခြင်းသည် အောင်မြင်သောသူများ၏ အသက်၌ ရင့်ကျက်ခြင်းအပေါ် မူတည်နေသည် - အငယ်၊၇။ ဟေဗြဲ၊၆း၁။ ဖိ၊၃း၁၂-၁၅။ ဧ၊၄း၁၃။

B. သိုးသငယ်၏ မင်္ဂလာဆောင်ပွဲသည် ဘုရားသခင်၏ဓမ္မသစ်စီမံကိန်း ပြီးမြောက်ပြည့်စုံခြင်း ရလဒ်ဖြစ်ကာ၊ ယင်းသည် ဘုရားဆိုင်ရာအသက်၌ ကိုယ်တော်၏ တရားရေးဆိုင်ရာရွေးနုတ်ခြင်းနှင့် ရှင်သန်သောကယ်တင်ခြင်းအားဖြင့် ခရစ်တော်အတွက် အသင်းတော် တည်းဟူသော သတို့သမီးကို ရရှိရန်ဖြစ်သည် - က၊၂း၂၂။ ရော၊၅း၁၀။ ဗျာ၊၁၉း၇-၉။ ၂၁း၂။

C. ယောဟန်ဧဝံဂေလိစာစောင်၌ ခရစ်တော်သည် အပြစ်ကို ဆောင်သွားမည့် သိုးသငယ်အဖြစ်လည်းကောင်း၊ သတို့သမီးကို ရရှိမည့် သတို့သားအဖြစ်လည်းကောင်း ဖွင့်ပြထားသည် - ၃း၂၉။

D. ခရစ်တော်၏ပန်းတိုင်မှာ အပြစ်ကို ဖယ်ရှားရန် မဟုတ်ပါ၊ သတို့သမီးကို ရရှိရန် ဖြစ်သည်။
1. ဗျာဒိတ်ကျမ်းတွင် ခရစ်တော်သည် သိုးသငယ်နှင့် ကြွလာမည့်သတို့သားဖြစ်ကြောင်း တွေ့ရသည်။ ထို့ကြောင့် သတို့သားအဖြစ် ကိုယ်တော်သည် မင်္ဂလာဆောင်ပွဲ ရှိရမည်ဖြစ်သည် - ၁၉း၇-၉။
2. သိုးသငယ်၏မင်္ဂလာဆောင်ပွဲသည် စကြဝဠာဆိုင်ရာ မင်္ဂလာဆောင်ပွဲ ဖြစ်လိမ့်မည်။ ၎င်းသည် ရွေးနုတ်ရှင်နှင့် ရွေးနုတ်ခံ၏ မင်္ဂလာဆောင်ပွဲ ဖြစ်လိမ့်မည်။
3. ခရစ်တော်သည် သတို့သားအဖြစ် ကြွလာပြီး၊ ကျွန်ုပ်တို့သည် သတို့သမီးအဖြစ် သွားနေကြသည်။

E. အလွန်အရေးကြီးသော အကြောင်းအရာမှာ သတို့သမီး၏ အဆင်သင့်ဖြစ်ခြင်း ဖြစ်သည် - အငယ်၊၇။
1. ဗျာဒိတ် ၁၉း၈ နှင့် ၉ အရ ခရစ်တော်၏သတို့သမီးဖြစ်သည့် ဇနီးသည် မိလေနိကာလအတွင်း အောင်မြင်သောယုံကြည်သူများဖြင့်သာ ထုံးဖွဲ့ထားသည်။

2. သတို့သမီး၏ အဆင်သင့်ဖြစ်ခြင်းသည် အောင်မြင်သူများ၏ အသက်၌ ရင့်ကျက်မှုရှိခြင်းအပေါ် မူတည်နေပြီး၊ သူတို့သည် သီးခြားတစ်ဦးချင်းစီမဟုတ်ဘဲ၊ စုပေါင်းထားသော သတို့သမီး ဖြစ်သည်။
3. ဗျာဒိတ် ၁၉း၆ တွင် ကြီးစွာသောလူအစုအဝေး၏ အသံက "ဟာလေလုယ၊ အနန္တတန်ခိုးနှင့် ပြည့်စုံတော်မူသော ထာဝရအရှင် ငါတို့၏ဘုရားသခင် တည်းဟူသော သခင်ဘုရားသည် စိုးစံတော်မူ၏"ဟု ကြွေးကြော်ခြင်းရှိသည်။
   a. ဘုရားသခင်၏စိုးစံခြင်းဖြစ်သည့် နိုင်ငံတော်သည် သိုးသငယ်၏ မင်္ဂလာဆောင်ပွဲနှင့် ဆက်နွယ်နေသည်။
   b. မင်္ဂလာဆောင်ပွဲသည် သခင်ဘုရား၏စိုးစံခြင်းဖြစ်သည့် နိုင်ငံတော်ကို ယူဆောင်လာလိမ့်မည်၊ အကြောင်းမှာ မင်္ဂလာပွဲသို့ ခေါ်ခြင်းခံရသော ဧည့်သည်များအားလုံးမှာ သတို့သား၏ စုပေါင်းထားသော သတို့သမီးနှင့် တွဲဖက်ရှင်ဘုရင်များဖြစ်ကြမည် ဖြစ်သောကြောင့်တည်း။ ကိုယ်တော်၏တွဲဖက်ရှင်ဘုရင်များအားလုံးသည် ကိုယ်တော်၏ စုပေါင်းထားသော သတို့သမီးဖြစ်လိမ့်မည်။
   c. အောင်မြင်သောသူများအဖို့ မိလေနီနိုင်ငံတော် အနှစ်တစ်ထောင်ကာလသည် မင်္ဂလာဆောင်စားသောက်ပွဲ ဖြစ်လိမ့်မည်။
   d. မင်္ဂလာဆောင်စားသောက်ပွဲသို့ ဖိတ်ခေါ် ခံရသူအယောက်တိုင်းသည်လည်း ရှင်ဘုရင်များအဖြစ် အနှစ်တစ်ထောင် စိုးစံခြင်း၌ ပါဝင်ဆက်နွယ်ကြလိမ့်မည်ဖြစ်သည်။
   e. အောင်မြင်သောသူများအတွက် နိုင်ငံတော်၌ ခရစ်တော်နှင့်အတူ စိုးစံခြင်းသည် မင်္ဂလာဆောင်စားသောက်ပွဲ ဖြစ်လိမ့်မည် - အငယ်၊၉။

© 2025 Living Stream Ministry

# Message Four
## သတို့သမီး၏လုပမှု

ဖတ်ရန်ကျမ်း။ ။ရောမ၆း၁၉၊၂၂။ ဧ၅း၂၅-၂၇။ ဗျာ၁၉း၇-၉။ ၁သက်၅း၂၃။ သီ၈း၁၃-၁၄

**I. အတွင်းပိုင်းပင်ကိုစိတ်ကို သန့်ရှင်းစင်ကြယ်စေခြင်းဖြစ်စဉ်သည် ခရစ်တော်အတွက် လုပသော၊ သန့်ရှင်းသော၊ ဘုန်းတော်နှင့် ပြည့်စုံသောသတို့သမီး ဖြစ်လာရန် ကျွန်ုပ်တို့ကို လုပတင့်တယ်စေခြင်းအဖြစ် ကျွန်ုပ်တို့၏ အသက်ဆိုင်ရာ ကယ်တင်ခြင်းဖြစ်စဉ် ဖြစ်သည် - ၁သက်၄း၃က။ ၁ပေ၁း၁၅-၁၆။ ဧ၁း၄-၅။ ၅း၂၅-၂၇။ ၁သက်၅း၂၃-၂၄။ ရောမ၆း၁၉၊ ၂၂။**

A. ဧဖက်၅း၂၅-၂၇ တွင် ကျွန်ုပ်တို့ထံသို့ ခရစ်တော်ကို အဆင့်သုံးဆင့်၌ တင်ဆက်ပြသထားသည့် ဘုရားသခင်၏ပြည့်စုံသော ကယ်တင်ခြင်းတစ်ခုလုံးကို ဖွင့်ပြထားသည်။
   1. အတိတ်ကာလတွင် ရွေးနုတ်ရှင်အဖြစ် ခရစ်တော်သည် ကျွန်ုပ်တို့၏ တရားရေးဆိုင်ရာရွေးနုတ်ခြင်းအတွက် အသင်းတော်အဖို့ မိမိကိုယ်တော်တိုင်ကို ပေးအပ်တော်မူခဲ့သည်- "ခင်ပွန်းတို့၊ ခရစ်တော်သည် အသင်းတော်ကို ချစ်တော်မူ၍ သူမအဖို့ မိမိကိုယ်ကို ပေးအပ်တော်မူသကဲ့သို့ သင်တို့သည် ကိုယ့်ဇနီးကို ချစ်ကြလော့" -အငယ်၊၂၅။
   2. မျက်မှောက်ကာလ၌ အသက်ပေးသောဝိညာဉ်တော်အဖြစ် ခရစ်တော်သည် အသင်းတော်ကို သူ၏ဒြပ်သဘာဝနှင့် ပျော်ဝင်ပြည့်ဝစေခြင်းအားဖြင့် အတွင်းပိုင်းပင်ကိုစိတ်၌ သန့်ရှင်းစင်ကြယ်ပေးနေသည်၊ သို့မှသာ သူမသည် ကိုယ်တော်၏ အဖော်အဖက် ဖြစ်လာနိုင်မည်ဖြစ်သည်။ ဤသည်မှာ သတို့သမီးကို လုပတင့်တယ်စေခြင်းနှင့် သတို့သမီး ပြင်ဆင်ခြင်းအဖြစ် အသက်ဆိုင်ရာကယ်တင်ခြင်း ဖြစ်သည် - "သို့မှသာ ကိုယ်တော်သည် နှုတ်ကပတ်တော်ရေ၌ သူမကို ဆေးကြောခြင်းအားဖြင့် သန့်ရှင်းစင်ကြယ်စေ၍" - အငယ်၊၂၆။
   3. အနာဂတ်၌ သတို့သားအဖြစ် ခရစ်တော်သည် သူ၏ကျေနပ်နှစ်သိမ့်ခြင်းအတွက် သူ၏အဖော်အဖက်အဖြစ် အသင်းတော်ကို မိမိကိုယ်တော်တိုင်ထံသို့ ဆက်သလိမ့်မည်ဖြစ်သည်- "သူမသည် သန့်ရှင်းလျက်၊ အပြစ်တင်ခွင့်ကင်းလျက် ရှိသည် ဖြစ်၍၊ အညစ်အကြေးတင်ခြင်း သို့မဟုတ် အရေတွန့်ခြင်း သို့မဟုတ် ထိုသို့သောအရာများနှင့်ကင်းလွတ်သဖြင့်၊ ဘုန်းတော်နှင့်ပြည့်စုံသောအသင်းတော်ကို ခရစ်တော်သည် မိမိကိုယ်တော်တိုင်ထံသို့ ဆက်သနိုင်မည်ဖြစ်သည်" - ဤသည်မှာ သတို့သမီးဆက်သခြင်းအတွက် ကျွန်ုပ်တို့၏ဘုန်းထင်ရှားခြင်း ဖြစ်သည် - အငယ်၊၂၇။
   4. အတိတ်ကာလ၌ ခရစ်တော်သည် အသင်းတော်အတွက် မိမိကိုယ်တော်တိုင်ကို ပေးအပ်ခဲ့သည်။ မျက်မှောက်ကာလ၌ ကိုယ်တော်သည် အသင်းတော်ကို သန့်ရှင်းစင်ကြယ်ပေးနေပြီး၊ အနာဂတ်၌ ကိုယ်တော်သည် သူ၏ကျေနပ်နှစ်သိမ့်ခြင်းအတွက် သူ၏အဖော်အဖက်အဖြစ် အသင်းတော်ကို မိမိကိုယ်တော်တိုင်ထံသို့ ဆက်သတော်မူလိမ့်မည်။ ထို့ကြောင့် အသင်းတော်ကို ချစ်တော်မူခြင်းသည် သူမကို သန့်ရှင်းစင်ကြယ်စေရန်ဖြစ်ပြီး၊ အသင်းတော်ကို သန့်ရှင်းစင်ကြယ်စေခြင်းသည် ဘုန်းတော်နှင့်ပြည့်စုံသောအသင်းတော်ကို မိမိကိုယ်တော်တိုင်ထံသို့ ဆက်သတော်မူခြင်းအတွက် ဖြစ်သည်။

B. သတို့သမီး၏လုပမှုသည် အသင်းတော်အထဲသို့ ထည့်သွင်းပုံဖော်ခံရသော ခရစ်တော်ထံမှ လာပြီး၊ အသင်းတော်မှတစ်ဆင့် ထင်ရှားခြင်းငှာ အသင်းတော်မှ ထွန်းလင်းထွက်ပေါ်လာသည်-ဟေရှာ၄၃း၇။ ဧ၃း၂၁။

C. ခရစ်တော်သည် ကျန်ကြွင်းသော ကိုယ်တော်၏လူတို့၌ ဘုန်းသရဖူနှင့် တင့်တယ်ခြင်းဦးရစ် ဖြစ်သည် - ဟေရှာ၂၈း၅။
   1. သရဖူသည် ဦးထုပ် သို့မဟုတ် ဖောင်းကဲ့သို့ ဖြစ်၍၊ ဦးရစ်သည် သရဖူ၏အလှပဆုံး၊ ဘုန်းအသရေအရှိဆုံး အစိတ်အပိုင်းဖြစ်သောဦးခေါင်းစည်း ဖြစ်သည် - ထွ၂၈း၃၆-၃၉။ ၂၉း၆။ ဟေရှာ၆၂း၃။
   2. ကျွန်ုပ်တို့သည် ကိုယ်တော်၏လုပတင့်တယ်ခြင်းအိမ်တော်ဖြစ်သော အသင်းတော်၌ သခင်ဘုရား၏တင့်တယ်တော်မူခြင်းကို စဉ်ဆက်မပြတ် ဖူးမြင်ရန်လိုအပ်သည်၊ သို့မှသာ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏တင့်တယ်ခြင်းဦးရစ်ဖြစ်သော ကိုယ်တော်နှင့်အတူ ကိုယ်တော်၏လုပသောသတို့သမီးဖြစ်လာရန် ဘုန်းတော်မှ ဘုန်းတော်သို့ ပုံသဏ္ဍာန်ပြောင်းလဲကာ၊ သခင်ဘုရားအားဖြင့် လုပတင့်တယ်လာနိုင်မည်ဖြစ်သည် - ၂ကော၃း၁၈။ ဗျာ၁၉း၇-၉။ ဟေရှာ၂၈း၅။ ဆာ၂၇း၄။ ဟေရှာ၆၀း၁၊ ၇၊ ၉၊ ၁၃၊ ၁၉။ ၆၂း၃။ ဗျာ၂၁း၁၁။

**II. ပြန်လည်ရယူခြင်း၌ သခင်ဘုရား၏ အဓိကအလုပ်မှာ ကျွန်ုပ်တို့ကို ကိုယ်တော်၏ ဘုန်းတော်နှင့်ပြည့်စုံသော သတို့သမီးအဖြစ် ပြင်ဆင်ရန် ကိုယ်တော်၏စစ်မှန်သောအလုပ်ဖြစ်သည်။ ဖေက်၊၅း၂၆၌ ပြောဆိုထားသည့် စဉ်ဆက်မပြတ် အတွင်းပိုင်းပင်ကိုစိတ်ကို သန့်ရှင်းစင်ကြယ်စေခြင်းမှလွဲ၍ သတို့သမီးပြင်ဆင်ခံရရန် လမ်းမရှိပါ၊ ထိုသို့ဆိုလျှင် ဗျာ၊ ၁၉း၇-၉ ပြည့်စုံရန် လမ်းမရှိပေ။**

A. အသင်းတော်သည် နှုတ်ကပတ်တော်ရေ၌ ကျွန်ုပ်တို့ကို ဆေးကြောသန့်ရှင်းပေးနေသည့် အသက်ပေးသောဝိညာဉ်တော် ဖြစ်သော ခရစ်တော်၏သန့်ရှင်းစင်ကြယ်ပေးခြင်း ဖြစ်စဉ်အားဖြင့် အလှဆင်ပေးခြင်းခံရသည်- ဧ၊၅း၂၆-၂၇။

1. ဤသည်မှာ ခရစ်တော်၏နှုတ်ကပတ်တော်၌ အသက်ရေတည်းဟူသောဝိညာဉ်တော် ရှိကြောင်း ညွှန်ပြသည်။ ကျွန်ုပ်တို့အား ကိုယ်တော်ပြောသောစကားများသည် ဝိညာဉ်နှင့် အသက်ဖြစ်သည် - ယော၊၆း၆၃။
2. အသက်ပေးသောဝိညာဉ်တော်အဖြစ် ခရစ်တော်သည် စကားပြောသောဝိညာဉ်တော်ဖြစ်သည်။ ကိုယ်တော်မိန့်တော်မူသမျှသည် ကျွန်ုပ်တို့ကို ဆေးကြောပေးသောစကားတော် ဖြစ်သည်။ ယင်းသည် ပြောင်းလဲမှုကင်းသောနှုတ်ကပတ်တော် ဖြစ်သည့် လော့ဂေါ့စ် logos ကို မရည်ညွှန်းဘဲ၊ သခင်ဘုရားက ယခု ကျွန်ုပ်တို့ကို ပြောသောစကား၊ ချက်ချင်း ပြောသော စကား ရေမာ rhema ကို ရည်ညွှန်းသည် - မ၊၄း၄။ ယော၊၆း၆၃။ ဗျာ၊၂း၇။ ၂၂း၁၇က။ ညွှန်း၊ ဟေရှာ၊၆း၉-၁၀။ မ၊၁၃း ၁၄-၁၅။ တ၊၂၈း၂၅-၃၁။
3. ခရစ်တော်၏ စကားပြောခြင်းသည် ထိုဝိညာဉ်တော်ဖြစ်သည်။ ကိုယ်တော်၏ စကားပြောခြင်းသည် အသက်ပေးသော ဝိညာဉ်တော်၏ မျက်မှောက်တော်ပင် ဖြစ်သည်-ယော၊၆း၆၃။ ဧ၊၆း၁၇။
4. အသက်ပေးသောဝိညာဉ်တော်တည်းဟူသော အတွင်း၌ ကိန်းဝပ်နေသောခရစ်တော်သည် ဇီဝဖြစ်စဉ်ဖြင့် အဟောင်းကို ဆေးကြောဖယ်ရှားပြီး၊ အသစ်နှင့် အစားထိုးကာ အတွင်းပိုင်း ပုံသဏ္ဍာန်ပြောင်းလဲခြင်းကို ဖြစ်ပွားစေရန် ယခု၊ လက်ငင်း၊ အသက်ရှင်သော စကားတော်ကို အမြဲပြောဆိုနေသည်။

B. ထိုကဲ့သို့သော ဆေးကြောပေးသောဖြစ်စဉ်အားဖြင့် ကျွန်ုပ်တို့သည် ကိုယ်တော်၏သန့်ရှင်းသော၊ လှပသော၊ ဘုရားသခင်ကို ထင်ရှားသော သတို့သမီး၊ အပြစ်အနာအဆာ သို့မဟုတ် မစုံလင်မှု မရှိသော သတို့သမီးဖြစ်လာရန် ခရစ်တော်နှင့် ပျော်ဝင်ပြည့်ဝစေခြင်းခံရပြီး၊ ခရစ်တော်ဖြင့် အလှဆင်ခြင်း ခံရကြသည် - ဗျာ၊၁၉း၇။ ညွှန်း၊ သီ၊၆း၁၃။ ၈း၁၃-၁၄။

C. အသက်ပေးသောဝိညာဉ်တော်အဖြစ် ခရစ်တော်သည် နှုတ်ကပတ်တော်ရေ၏ဆေးကြောပေးခြင်းအတိုင်း သူမကို သန့်ရှင်းစေခြင်းဖြင့် အသင်းတော်ကို သန့်ရှင်းစင်ကြယ်စေတော်မူသည်။ ဘုရားဆိုင်ရာအယူအဆအရ ဤနေရာရှိ ရေ သည် စီးဆင်းနေသောရေအားဖြင့် ပုံဆောင်သည့် ဘုရားသခင်၏စီးဆင်းနေသောအသက်ကို ရည်ညွှန်းသည် (ထွ၊၁၇း၆။ ၁ကော၊၁၀း၄။ ယော၊၇း၃၇-၃၉။ ဗျာ၊၇း၁၇။ ၂၁း၆။ ၂၂း၁၊၁၇)။ ကျွန်ုပ်တို့သည် ယခု ထိုကဲ့သို့သော ဆေးကြောပေးခြင်းဖြစ်စဉ်၌ ရှိနေကြသည်၊ ထိုသို့ဖြင့် အသင်းတော်သည် သန့်ရှင်းခြင်းနှင့် အပြစ်တင်ခွင့်ကင်းခြင်း ရှိလာနိုင်မည်ဖြစ်သည်။

D. ဖေက် ၅း၂၆ ရှိ *ဆေးကြောခြင်း* အတွက် ဂရိစကားလုံး၏တိုက်ရိုက်အနက်မှာ အင်တုံ ဖြစ်သည်။ ဓမ္မဟောင်းကာလက ယဇ်ပုရောဟိတ်များသည် သူတို့၏မြေကြီးဆိုင်ရာ ညစ်ညမ်းခြင်းကို ဆေးကြောရန် အင်တုံကို အသုံးပြုခဲ့ကြသည် (ထွ၊ ၃၀း၁၈-၂၁)။ တစ်နေ့ပြီး တစ်နေ့ နံနက်နှင့် ညနေတိုင်း ကျွန်ုပ်တို့သည် သမ္မာကျမ်းစာထံသို့ လာရန် လိုအပ်ပြီး၊ နှုတ်ကပတ်တော်ရေအင်တုံ၌ ဆေးကြောသန့်ရှင်းပေးခြင်းကို ခံရန်လိုအပ်သည်။

E. ပေါလုသည် နှုတ်ကပတ်တော်ကို ၎င်း၏ဆေးကြောခြင်းဖြစ်စဉ်နှင့်အတူ ပြောဆိုသောအခါ ဂရိစကားလုံး *ရေမာ*ကို အသုံးပြုထားသည် (ဧ၊၅း၂၆)။ လော့ဂေါ့စ်သည် သမ္မာကျမ်းစာ၌ အပြင်ပိုင်းဆိုင်ရာ မှတ်တမ်းတင်ထားသည့် ဘုရားသခင်၏ နှုတ်ကပတ်တော်ဖြစ်သည်။ ရေမာသည် တိကျသောအချိန်အခါတစ်ခုတွင် ကျွန်ုပ်တို့အား ဘုရားသခင် ပြောသော စကားတော်ဖြစ်သည် (မာ၊၁၄း၇၂။ လု၊၁း၃၅-၃၈။ ၅း၅။ ၂၄း၁-၈)။

F. ရေမာသည် ကျွန်ုပ်တို့အား ပုဂ္ဂိုလ်ရေးအရ တစ်စုံတစ်ရာကို တိုက်ရိုက် ဖွင့်ပြပေးသည်။ ယင်းသည် ကျွန်ုပ်တို့ ဆက်ဆံဖြေရှင်းရန် လိုအပ်သောအရာနှင့် ကျွန်ုပ်တို့ ဆေးကြောခံရန် လိုအပ်သောအရာကို ပြသပေးသည် (ကြေးညို အင်တုံသည် ရောင်ပြန်ဟပ် ဖော်ထုတ်နိုင်သော ကြည့်မှန်တစ်ချပ်ဖြစ်သည်-ထွ၊၃၈း၈)။ ကျွန်ုပ်တို့ တစ်ဦးစီအတွက် အရေးကြီးသောအရာမှာ ဤအရာဖြစ်သည်- ဘုရားသခင်သည် ယနေ့ ကျွန်ုပ်အား သူ၏စကားတော်ကို ပြောနေပါသလား။

G. ကျွန်ုပ်တို့ အမြဲ တန်ဖိုးထားသောအရာတစ်ခုမှာ သခင်ဘုရားသည် ယနေ့ ကျွန်ုပ်တို့အား ပုဂ္ဂိုလ်ရေးအရ တိုက်ရိုက် စကားဆက်ပြောနေခြင်းဖြစ်သည်။ အသက်၌ အမှန်တကယ်ကြီးထွားခြင်းသည် ဘုရားသခင်ထံမှ စကားတော်ကို ကျွန်ုပ်တို့ တိုက်ရိုက် လက်ခံရရှိခြင်းအပေါ် မူတည်နေသည်။ ကျွန်ုပ်တို့၌ ကိုယ်တော်၏စကားပြောခြင်းသာလျှင် ဝိညာဉ်ဆိုင်ရာတန်ဖိုး အစစ်အမှန် ဖြစ်သည်-ဟေဗြဲ၃း၇-၁၁၊၁၅။ ၄း၇။ ဆာ၊၉၅း၇-၈။

H. ကျွန်ုပ်တို့၏ဆုတောင်းခြင်းများတွင် အဓိကကျသောအချက်မှာ သခင်ဘုရား၏စကားပြောခြင်းကို တောင့်တခြင်း ဖြစ်သင့်သည်။ ထိုအရာက သူ၏အဖော်အဖက်အဖြစ် သတို့သမီးကို ရရှိလိုသော ကိုယ်တော်၏စိတ်နှလုံးအလိုဆန္ဒအတိုင်း ကိုယ်တော် ၏ထာဝရစီမံကိန်းပန်းတိုင်ကို ပြည့်စုံစေရန် ကျွန်ုပ်တို့အား တတ်စွမ်းစေသည်-ဗျာ၊၂း၇။ ညွှန်း၊၁ရှမွေ၊၃း၁၊၂။ အာမုတ်၊ ၃း၇။

I. အလွန်လက်တွေ့ကျသောအာရုံခံစားမှု၌ သခင်ဘုရား၏မျက်မှောက်တော်သည် ကိုယ်တော်၏စကားပြောခြင်းနှင့် တစ်လုံးတစ်ဝတည်းရှိသည်။ ကိုယ်တော်စကားပြောသောအခါတိုင်း ကျွန်ုပ်တို့အတွင်း၌ ကိုယ်တော်၏မျက်မှောက်တော်ရှိကြောင်း ကျွန်ုပ်တို့သိရှိရသည်။ ခရစ်တော်၏စကားပြောခြင်းသည် အသက်ပေးသောဝိညာဉ်တော်၏မျက်မှောက်တော်ပင် ဖြစ်သည်။

J. ကျွန်ုပ်တို့အတွင်း၌ အသက်ပေးသောဝိညာဉ်တော်အဖြစ် ကိန်းဝပ်နေသောခရစ်တော်၏စကားပြောခြင်းသည် ကျွန်ုပ်တို့၏ သဘောသဘာဝနှင့် ပင်ကိုစိတ်ရှိ ဒြပ်သဘာဝအဟောင်းကို အစားထိုးရန် ကျွန်ုပ်တို့အထဲသို့ ဒြပ်သဘာဝအသစ်ကို ထည့်ပေးသည့် သန့်ရှင်းပေးသောရေဖြစ်သည်။ ဤဇီဝဖြစ်စဉ်အရ သန့်ရှင်းပေးခြင်းသည် အသက်၌ စစ်မှန်သည့် အတွင်းပိုင်း ပြောင်းလဲမှုကို ဖြစ်ပွားစေပြီး၊ ယင်းသည် အတွင်းပိုင်းပင်ကိုစိတ်ကို သန့်ရှင်းစင်ကြယ်စေခြင်းနှင့် ပုံသဏ္ဌာန်ပြောင်းလဲခြင်း၏စစ်မှန်ခြင်း ဖြစ်သည်။

K. ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ဝိညာဉ်၌ရှိသည့် အသက်ပေးသော၊ စကားပြောသောဝိညာဉ်တော်ဖြစ်သည့် ခရစ်တော်ဖြင့် အလှဆင်ပေးခြင်းခံကြရမည်။ အသက်ပေးသောဝိညာဉ်တော်အဖြစ် ကျွန်ုပ်တို့အတွင်း၌ သခင်ဘုရား၏စကားပြောခြင်းအားဖြင့် ကျွန်ုပ်တို့သည် ကိုယ်တော်၏ဘုန်းတော်နှင့်ပြည့်စုံသောအသင်းတော် ဖြစ်လာကြသည်-ဧ၊၅း၂၆-၂၇။ ဗျာ၊၂း၇။

**III. ဧဖက်၊၅း၂၇ တွင် ခရစ်တော်၏သတို့သမီးအဖြစ် အသင်းတော်သည် နောက်ဆုံးတွင် "သန့်ရှင်းလျက်၊ အပြစ်တင်ခွင့် ကင်းလျက်ရှိသည်ဖြစ်၍၊ အညစ်အကြေးတင်ခြင်း သို့မဟုတ် အရေတွန့်ခြင်း သို့မဟုတ် ထိုသို့သောအရာများနှင့် ကင်းလွတ်သဖြင့်၊" ဘုန်းထင်ရှားသောအသင်းတော်၊ ဘုရားသခင်ကို ထင်ရှားသောအသင်းတော် ဖြစ်လာမည်ဟု ဖွင့်ပြထားသည်။**

A. ကျွန်ုပ်တို့၏တစ်ခုတည်းသောလှပမှုမှာ ကျွန်ုပ်တို့အတွင်းမှ ခရစ်တော် ထွန်းလင်းတောက်ပခြင်းဖြစ်သည်။ ကျွန်ုပ်တို့အတွင်း၌ ခရစ်တော်တန်ဖိုးထားသောအရာမှာ သူကိုယ်တော်တိုင်၏ထင်ရှားခြင်း ဖြစ်သည် - ဆာလံ၊၅၀း၂။ ၂ကော၊၃း၁၅-၁၈။ ညွှန်း၊ ထွ၊၂၈း၂။

1. "သင်သည် တင့်တယ်ခြင်းနှင့်ပြည့်စုံသောရှင်ဘုရင်ကို ကိုယ်မျက်စိနှင့် မြင်ရလိမ့်မည်" (ဟေရှာ၊၃၃း၁၇က)။ "သင်လှသောအဆင်းကို ရှင်ဘုရင်သည် နှစ်လိုစုံမက်တော်မူမည်" (ဆာလံ၊၄၅း၁၁က)။
2. "ငါ့ချစ်သူ၊ သင်သည် တိရဇကဲ့သို့လှ၏။/ ယေရုရှလင်ကဲ့သို့ ချစ်ဖွယ်ကောင်း၏။/အောင်လံထူလျက်ရှိသောစစ်တပ်ကဲ့သို့ ကြောက်မက်ဖွယ်ဖြစ်၏" - သီ၊၆း၄။

B. သတို့သမီး ပြင်ဆင်ခံရခြင်း ဟူသည်မှာ သူမသည် "စင်ကြယ်၍ ပြောင်လက်သောပိတ်ချော"ကို ဝတ်ဆင်ထားခြင်းဖြစ်ပြီး၊ ထိုပိတ်ချောသည် "သန့်ရှင်းသူတို့၏ဖြောင့်မတ်ခြင်း" ဖြစ်သည် (ဗျာ၊၁၉း၈)။ ဤပိတ်ချောသည် သတို့သမီး၏လှပမှုဖြစ်သည်။

C. မင်္ဂလာဆောင်သောနေ့ရက်၌ သတို့သားသည် သတို့သမီး၏အရည်အချင်းထက် သူမ၏လှပမှုကို ပို၍ဂရုစိုက်သည်။ ကျွန်ုပ်တို့၏ဘုရားသခင် သခင်ယေရှုသည်လည်း ကျွန်ုပ်တို့၏လူသားဇာတိမှတစ်ဆင့် ထင်ရှားသော သူကိုယ်တော်တိုင်၏လှပမှုကို အဓိက ဂရုစိုက်သည်။ ကျွန်ုပ်တို့သည် တစ်နေ့ပြီး တစ်နေ့ ခရစ်တော်ဖြင့် အလှဆင်ပေးခြင်း ခံရရန် လိုအပ်သည်၊ သို့မှသာ ကျွန်ုပ်တို့သည် ကိုယ်တော်၏ချစ်ဖွယ်ကောင်းသောသတို့သမီးအဖြစ် ကိုယ်တော်ထံသို့ ဆက်သခြင်းခံရရန် ပြင်ဆင်ခံရနိုင်မည် ဖြစ်သည်။

D. ကျွန်ုပ်တို့သည် ကိုယ်တော်၏နှုတ်ကပတ်တော်ကို ဆုတောင်းဖတ်ခြင်းနှင့် ဆင်ခြင်ရွတ်ဆိုခြင်းဖြင့် (ဧ၆း၁၇-၁၈။ ဆာ၊ ၁၁၉း၁၅) ကိုယ်တော်၏နှုတ်ကပတ်တော်၌ သခင်ဘုရား၏လုပမှုကို ကြည့်ရှုရန် အချိန်ယူသောအခါတိုင်း၊ ကိုယ်တော်သည် ကျွန်ုပ်တို့၏လုပမှု ဖြစ်လာပြီး၊ ကျွန်ုပ်တို့သည် ကိုယ်တော်၏လုပတင့်တယ်သောအိမ်တော်ဖြစ်လာရန် ကိုယ်တော်ဖြင့် လုပတင့်တယ်စေခြင်း ခံရကြသောကြောင့် ကိုယ်တော်သည်လည်း လုပတင့်တယ်ခြင်းရှိနိုင်မည် ဖြစ်သည် (၂၇း၄။ ၂ကော၊၃း၁၈။ ဟေရှာ၊ ၆၀း၇၁၊ ၉၁၊ ၁၃၁၊ ၁၉၁၊ ၂၁၁)။

E. ဖေက်၊၅း၂၆ ရှိ နှုတ်ကပတ်တော်ရေ၌ ဆေးကြောခြင်းသည် အဓိကအားဖြင့် အညစ်အကြေးတင်ခြင်းနှင့် အရေတွန့်ခြင်းတို့ကို ဆက်ဆံဖြေရှင်းပေးသည်။ အညစ်အကြေး (အစက်အပြောက်)များ ဆိုသည်မှာ ဇာတိအသက်နှင့်ဆိုင်သောတစ်စုံတစ်ရာကို ရည်ညွှန်းပြီး၊ အရေတွန့်ခြင်းမှာ အိုမင်းခြင်းနှင့် ဆက်နွှယ်သည်။ အသက်ရေသာလျှင် အသက်၏ပုံသဏ္ဍာန်ပြောင်းလဲခြင်းဖြင့် ထိုကဲ့သို့သောချို့ယွင်းချက်များကို ဇီဝဖြစ်စဉ်အရ ဆေးကြောဖယ်ရှားပေးနိုင်သည်။

F. သန့်ရှင်းခြင်းရှိရန် ဆိုသည်မှာ ခရစ်တော်နှင့်ပျော်ဝင်ပြည့်ဝခြင်းရှိရန်နှင့် ခရစ်တော်အားဖြင့် ပုံသဏ္ဍာန်ပြောင်းလဲခြင်းရှိရန် ဖြစ်သည်။ အပြစ်တင်ခွင့်ကင်းခြင်း ဆိုသည်မှာ ကျွန်ုပ်တို့လူဟောင်း၏ဇာတိအသက်နှင့်ဆိုင်သောအရာတစ်ခုမျှ မရှိခြင်းဖြင့် အညစ်အကြေးတင်ခြင်းမရှိ၊ အရေတွန့်ခြင်းမရှိခြင်း ဖြစ်သည် - ညွှန်း၊သီ၊၄း၇။

G. ထို့ပြင် အသင်းတော်သည် "ထိုသို့သောအရာများ" မရှိရခြင်းမှာ သူမသည် "ဤသို့သော သို့မဟုတ် ထိုသို့သော ချို့ယွင်းချက်မျိုး" မရှိရဟု ဆိုလိုသည်။ ဘုရားသခင်သည် အသင်းတော်အား မည်သို့သောအရာ၌မဆို အပြစ်တင်စရာ မရှိနိုင်သည့် နေရာသို့ ခေါ်ဆောင်သွားတော်မူမည်ဖြစ်သည်-ဧ၊၅း၂၇။

**IV. ဖေက်၊၅း၂၆-၂၇ သည် သီချင်း၊၈း၁၃-၁၄ နှင့် ကိုက်ညီမှုရှိသည်။ ထိုနှစ်ခုလုံးက ကျွန်ုပ်တို့အား သခင်ဘုရား၏ စကားပြောခြင်းအားဖြင့် ကျွန်ုပ်တို့သည် ကိုယ်တော်၏ဒုတိယကြွလာခြင်းကို တောင့်တသောအလိုဆန္ဒဖြင့် ကိုယ်တော်၏ဘုန်းတော်နှင့် ပြည့်စုံသော သတို့သမီးဖြစ်ရန် ပြင်ဆင်ခံရကြောင်း ဖွင့်ပြထားသည်- "အို ဥယျာဉ်တို့၌ နေသောသူ၊/ကျွန်မ၏အပေါင်းအဖော်တို့သည် ကိုယ်တော်၏စကားသံကို နားထောင်တတ်ကြ၏။/ ကျွန်မသည်လည်း ကြားပါရစေ။ အလျင်အမြန်ကြွလာတော်မူပါ၊ ကျွန်မချစ်ရာအရှင်။/နံ့သာတောင်များပေါ်မှာ/ သမင်ဒရယ်သငယ်ကဲ့သို့ ပြုတော်မူပါ။"**

A. သီချင်းတကာ့သီချင်းတွင် ခရစ်တော်ကို ချစ်မြတ်နိုးသောရှာဖွေသူက ကိုယ်တော်၏ဥယျာဉ်များဖြစ်သည့် ယုံကြည်သူများ၌ ကိန်းဝပ်နေသောကိုယ်တော်အား သူမ၏အပေါင်းအဖော်တို့သည် ကိုယ်တော်၏စကားသံကို နားထောင်နေစဉ်တွင် သူမသည်လည်း ကိုယ်တော်၏စကားသံကို ကြားပါရစေဟု တောင်းလျှောက်ခြင်းပြုသည် - ၈း၁၃။ ညွှန်း၊ ၄း၁၃-၁၆။ ၅း၁။ ၆း၂။

1. ဤသည်မှာ ခရစ်တော်၏ချစ်သူများဖြစ်သော ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ချစ်ရာအရှင် ကိုယ်တော်အတွက် လုပ်ဆောင်နေသောအလုပ်၌ ကိုယ်တော်နှင့်အတူ မိတ်သဟာယဖွဲ့ခြင်းကို ထိန်းသိမ်းထားရန်လိုအပ်ပြီး၊ ကိုယ်တော်ကို အမြဲနားထောင်ရမည်ဖြစ်ကြောင်း ညွှန်ပြသည် - လု၊၁၀း၃၈-၄၂။

2. ကျွန်ုပ်တို့၏အသက်တာများသည် သခင်ဘုရား၏နှုတ်ကပတ်တော်များပေါ်တွင် တည်မှီနေပြီး၊ ကျွန်ုပ်တို့၏အလုပ်သည် ကိုယ်တော်၏အမိန့်တော်များအပေါ်တွင် တည်မှီနေသည် (ဗျာ၊၂း၇။ ၁ရှမွေ၊၃း၉-၁၀။ ညွှန်း၊ ဟေရှာ၊၅၀း၄-၅။ ထွ၊ ၂၁း၆)။ သခင်ဘုရား၏နှုတ်ကပတ်တော်များ မရှိဘဲ ကျွန်ုပ်တို့သည် ခရစ်တော်ကို ကျွန်ုပ်တို့၏ဘုရင် (ဟေရှာ၊၆း၁၊ ၅)၊ ကျွန်ုပ်တို့၏သခင် (၂ကော၊၅း၁၄-၁၅)၊ ကျွန်ုပ်တို့၏ဦးခေါင်း (ကော၊၂း၁၉)နှင့် ကျွန်ုပ်တို့၏ခင်ပွန်း (၂ကော၊ ၁၁း၂)အဖြစ် မည်သည့်ဖွင့်ပြခြင်း၊ အလင်း သို့မဟုတ် ပုဂ္ဂိုလ်ရေးဆိုင်ရာ သိကျွမ်းမှု ရှိကြမည်မဟုတ်ပါ။ ယုံကြည်သူများ၏အသက်တာသည် သခင်ဘုရား၏စကားပြောခြင်းအပေါ်တွင် လုံးလုံးတည်နေသည် (ဧ၊၅း၂၆-၂၇)။

B. ဤကဗျာစာစောင်ဖြစ်သော ရှောလမုန်သီချင်း၏နိဂုံးချုပ် ဆုတောင်းချက်အနေဖြင့် ခရစ်တော်၏ချစ်သူက သူမ ချစ်ရာအရှင်သည် မြေကြီးတစ်ပြင်လုံးကို ပြည့်စေမည့် ချိုမြိန်လှပသောနိုင်ငံတော် (နံ့သာမျိုးတောင်များ)ကို တည်ထောင်ရန် ကိုယ်တော်၏ထမြောက်ခြင်းတန်ခိုး (သမင် ဒရယ် သငယ်)ဖြင့် အလျင်အမြန် ပြန်ကြွလာပါရန် ဆုတောင်းထားသည်-၈း၁၄။ ဗျာ၊၁၁း၁၅။ ဒံ၊၂း၃၅။

1. ထိုကဲ့သို့သော ဆုတောင်းခြင်းက သတို့သားဖြစ်သော ခရစ်တော်နှင့် သတို့သမီးဖြစ်သော ကိုယ်တော်၏ချစ်သူများသည် သူတို့၏ထိမ်းမြားစုံဖက်ခြင်းနှင့်ဆိုင်သောမေတ္တာ၌ အတူတကွ ပေါင်းစည်းသွားခြင်းကို ပုံဖော်ပြထားသည်၊ ထိုနည်းတူ သန့်ရှင်းသောကျမ်းစာ၏ နိဂုံးချုပ်စကားအဖြစ် ခရစ်တော်၏ ချစ်သူတစ်ဦးဖြစ်သော ယောဟန်၏ ဆုတောင်းချက်က ကိုယ်တော်၏ဘုရားဆိုင်ရာမေတ္တာ၌ ရှိသည့် ခရစ်တော်နှင့် အသင်းတော်ဆိုင်ရာ ဘုရားသခင်၏ထာဝရစီမံကိန်းကို ဖွင့်ပြထားသည်-ဗျာ၊၂၂း၂၀။
2. "သခင်ယေရှု၊ ကြွလာတော်မူပါ" ဆိုသည်မှာ သမ္မာကျမ်းစာရှိ နောက်ဆုံးဆုတောင်းချက် ဖြစ်သည် (အငယ်၊၂၀)။ သမ္မာကျမ်းစာတစ်ခုလုံးသည် ဆုတောင်းချက်တစ်ခုအဖြစ် ဖော်ပြထားသည့် သခင်ဘုရား၏ကြွလာခြင်းကို တောင့်တခြင်းဖြင့် အဆုံးသတ်ထားသည်။

*© 2025 Living Stream Ministry*

Message Five

## သတို့သမီး၏ဖြောင့်မတ်ခြင်း

ဖတ်ရန်ကျမ်း။ ။ ဗျာ၊၁၉း၇-၉။ မ၊၅း၂၀။ ၆း၃၃။ ၂၂း၂။ ၂ကော၊၅း၂၁။ ၁ယော၊၁း၇၊ ၉။ ဗျာ၊၁၅း၃

**I. ဘုရားသခင်၏ ဖြောင့်မတ်ခြင်းသည် တရားမျှတမှုနှင့် ဖြောင့်မတ်ခြင်းနှင့်စပ်လျဉ်း၍ ကိုယ်တော်၏လုပ်ဆောင်မှု၌ ဘုရားသခင်ဖြစ်တော်မူသောအရာဖြစ်သည် - ဗျာ၊၁၅း၃။ ရော၊၁း၁၆ခ-၁၇က။ ယော၊၃း၁၆။ ၁ယော၊၁း၉။**

A. ခရစ်တော်ကို ကျွန်ုပ်တို့၏တွေ့ကြုံခံစားခြင်းသည် ဘုရားသခင့်ဖြောင့်မတ်ခြင်း၏ တိုက်မြစ်ပေါ်တွင် မူတည်သည်။

B. တိုက်မြစ်သည် ဘုရားသခင့်ပလ္လင်တော်၏ မလှုပ်နိုင်သော အခြေခံတိုက်မြစ်၊ ဘုရားသခင်၏ဖြောင့်မတ်ခြင်းဖြစ်သည် - ဆာ၊ ၈၉း၁၄။

**II. ဖြောင့်မတ်ခြင်း၏ အဓိပ္ပါယ်ဖွင့်ဆိုချက်တွင် လက္ခဏာသွင်ပြင်လေးခုရှိသည်။**

A. ဖြောင့်မတ်ခြင်းသည် ကိုယ်တော်၏ဖြောင့်မတ်ခြင်းနှင့် တင်းကျပ်သော တောင်းဆိုမှုများနှင့်အညီ ဘုရားသခင်ရှေ့တော်၌ လူများ၊ အရာဝတ္ထုများနှင့် အကြောင်းအရာများ၌ မှန်ကန်ရန်ဖြစ်သည် - မ၊၅း၂၀။

B. ဖြောင့်မတ်ခြင်းသည် ဝိညာဉ်တော်အဖြစ် ကျွန်ုပ်တို့အတွင်း၌ အသက်ရှင်တော်မူသော ခရစ်တော်၏ အပြင်ပိုင်း ထင်ရှားခြင်းဖြစ်သည်  - ၂ကော၊ ၃း၈-၉။

1. ဤသည်မှာ ဘုရားသခင်၏ပုံသဏ္ဍာန်တော်အဖြစ် ဖြောင့်မတ်ခြင်းဖြစ်သည် - ဧ၊၄း၂၄။ ကော၊၃း၁၀။
2. ဖြောင့်မတ်ခြင်း၏အမှုတော်သည် သခင်ဘုရားပုံသဏ္ဍာန်တော်၏အမှုတော်ဖြစ်သည် - ၂ကော၊၃း၉။

C. ဖြောင့်မတ်ခြင်းသည် ဘုရားသခင့်နိုင်ငံတော်၏အကြောင်းအရာဖြစ်သည် - မ၊၆း၃၃။ ဆာ၊၈၉း၁၄။

1. ဘုရားသခင်၏နိုင်ငံတော်သည် ဖြောင့်မတ်ခြင်းဖြစ်သည်။
2. ဖြောင့်မတ်ခြင်းသည် ဘုရားသခင်၏အုပ်ချုပ်မှု၊ စီမံခန့်ခွဲမှုနှင့် အုပ်စိုးမှုတို့နှင့် ဆက်နွှယ်သည်။

D. ဖြောင့်မတ်ခြင်းသည် ကျွန်ုပ်တို့၏ဖြစ်ခြင်း၌ ဘုရားသခင်နှင့် မှန်ကန်ခြင်းနှင့်သက်ဆိုင်သော ကျွန်ုပ်တို့ဖြစ်ခြင်း၏အကြောင်းအရာ ဖြစ်သည် - ၂ကော၊ ၅း၂၁။

1. ကျွန်ုပ်တို့၏ဖြစ်ခြင်း၌ ဘုရားသခင်နှင့်မှန်ကန်ခြင်းရှိရန်မှာ ထွင်းဖောက်မြင်နိုင်ပြီး ကျောက်သလင်းကဲ့သို့ ကြည်လင်သော အတွင်းပိုင်းဖြစ်တည်မှုရှိခြင်း၊ ဘုရားသခင်၏အသိဉာဏ်နှင့် အလိုတော်၌ရှိသောအတွင်းပိုင်းဖြစ်တည်မှုရှိခြင်းဖြစ်သည်။
2. ဤသည်မှာ ကျွန်ုပ်တို့၏ဖြစ်ခြင်းသည် ခရစ်တော်၌ ဘုရားသခင်၏ ဖြောင့်မတ်ခြင်းဖြစ်ခြင်းနှင့်ဆိုင်သော အကြောင်းအရာဖြစ်သည် - အငယ်၊ ၂၁။

**III. ဖြောင့်မတ်ခြင်းသည် ဘုရားသခင်၏ အပြင်ပိုင်း လုပ်ဆောင်မှုများ၊ နည်းလမ်းများ၊ လုပ်ရပ်များနှင့် လှုပ်ရှားလုပ်ဆောင်မှုများနှင့် ဆက်နွှယ်သည် - ဗျာ၊၁၅း၃။**

A. ဘုရားသခင်ပြုသမျှသော အရာအားလုံးသည် ဖြောင့်မတ်သည် - ရော၊၁း၁၆-၁၇။

B. ကိုယ်တော်၏တရားမျှတခြင်းနှင့် ဖြောင့်မတ်ခြင်း၌ ဘုရားသခင်ဖြစ်တော်မူသောအရာတိုင်းသည် ကိုယ်တော်၏ ဖြောင့်မတ်ခြင်းကို ဖြစ်ပေါ်စေသည်။

**IV. ဘုရားသခင်သည် သားတော်ယေရှု၏ အသွေးတော်၌ ဖြောင့်မတ်တော်မူသည် - ၁ယော၊၁း၇၊ ၉။**

A. ဘုရားသခင်သည် သူ၏နှုတ်ကပတ်တော်၌ သစ္စာရှိတော်မူပြီး (အငယ်၊၁၀)၊ သားတော် ယေရှု၏ အသွေးတော်၌ ဖြောင့်မတ်တော်မူ၏။

B. ကိုယ်တော်၏နှုတ်ကပတ်တော်သည် ကိုယ်တော့်ဧဝံဂေလိတရား၏ သမ္မာတရားဖြစ်ပြီး (ဧ၊၁း၁၃)၊ ယင်းသည် ခရစ်တော်ကြောင့် ကျွန်ုပ်တို့၏အပြစ်များကို ခွင့်လွှတ်တော်မူမည်အကြောင်း ကျွန်ုပ်တို့အား ပြောဆိုထားသည် (တ၊၁၀း၄၃)။ ခရစ်တော်၏အသွေးတော်သည် ကျွန်ုပ်တို့၏အပြစ်များ ခွင့်လွှတ်ခြင်းခံရနိုင်မည့်အကြောင်း ကိုယ်တော်၏ဖြောင့်မတ်သော တောင်းဆိုချက်များကို ပြည့်စုံစေခဲ့သည် (မ၊ ၂၆း၂၈)။

C. ကျွန်ုပ်တို့ကို ခွင့်လွှတ်ခြင်းသည် ကျွန်ုပ်တို့အပြစ်များ၏ ပြစ်မှားခြင်းမှ ကျွန်ုပ်တို့ကို လွတ်မြောက်စေခြင်းဖြစ်ပြီး၊ ကျွန်ုပ်တို့ကို သန့်ရှင်းစင်ကြယ်စေခြင်းမှာ ကျွန်ုပ်တို့၏ မဖြောင့်မတ်ခြင်း အညစ်အကြေးမှ ကျွန်ုပ်တို့ကို ဆေးကြောပေးခြင်းဖြစ်သည်။

## V. ဖြောင့်မတ်ခြင်းသည် ဘုရားသခင်၏နိုင်ငံတော်နှင့် ဆက်နွယ်သည် - ရော၊၁၄း၁၇။

A. အသင်းတော်၏အသက်တာသည် ဘုရားသခင်၏နိုင်ငံတော်ဖြစ်၍ ဘုရားသခင်၏နိုင်ငံတော်သည် ဖြောင့်မတ်ခြင်းဖြစ်သည်။

B. ဘုရားသခင်၏ပလ္လင်တော်သည် တိုက်မြစ်တည်းဟူသော ဖြောင့်မတ်ခြင်းဖြင့် တည်ထားသည် - ဆာ၊၈၉း၁၄။

C. ဘုရားသခင်၏ ဖြောင့်မတ်ခြင်းရှိသောနေရာတွင် ကိုယ်တော်၏နိုင်ငံတော်လည်း ရှိသည် - ဟေရှာ၊၃၂း၁။ ဟေဗြဲ၊၁း၈-၉။

D. ဓမ္မဟောင်းကျမ်း၌ ဖြောင့်မတ်ခြင်းသည် နိုင်ငံတော်နှင့် အဓိပ္ပာယ်ဆင်တူလေ့ရှိသည်။

E. ဖြောင့်မတ်ခြင်းရှိနေရာ၌ ခပ်သိမ်းသောအရာတို့သည် သင့်လျော်မှန်ကန်သောနည်းလမ်း၌ ချုပ်ချာတော်မူသည်။ ဤသည်မှာ နိုင်ငံတော် ဖြစ်သည်။

F. ဖြောင့်မတ်ခြင်းသည် ဦးစွာ ဘုရားသခင်၏ပုံသဏ္ဌာန်တော်ကို ဖြစ်ပေါ်စေပြီး၊ ထို့နောက် ဖြောင့်မတ်ခြင်းသည် ဘုရားသခင်၏ နိုင်ငံတော်ကို တည်ထောင်သည်၊

1. ရောမ ၈ ၌ ဖြောင့်မတ်ခြင်းနှင့် ဘုရားသခင်၏ပုံသဏ္ဌာန်ရှိသည်။
2. ရောမ ၁၄ ၌ ဖြောင့်မတ်ခြင်းနှင့် ဘုရားသခင်၏နိုင်ငံတော်ရှိသည်။
3. ပုံသဏ္ဌာန်တော်နှင့် နိုင်ငံတော်နှစ်ခုစလုံးသည် ဖြောင့်မတ်ခြင်းအပေါ် အခြေခံသည်။

G. ဖြောင့်မတ်ခြင်းသည် ကောင်းကင်များအသစ်နှင့် မြေကြီးသစ်၌ တည်လိမ့်မည်ဟု ပြောဆိုခြင်းမှာ (၂ပေ၊၃း၁၃) အရာခပ်သိမ်းသည် အစီစဉ်တကျဖြစ်၍ ချုပ်ချာခြင်းရှိကာ ထိန်းညှိခြင်းခံရလိမ့်မည်ဖြစ်ကြောင်း ဆိုလိုသည်။

1. အရာခပ်သိမ်းသည် အုပ်စိုးခံရခြင်း၊ ထိန်းချုပ်ခံရခြင်းနှင့် မှန်ကန်သင့်လျော်သည့် အုပ်စိုးခြင်းအောက်မှာ ရှိကြလိမ့်မည်၊ အကြောင်း ဘုရားသခင်၏ပလ္လင်တော်၊ နိုင်ငံတော်ဖြစ်သည့် ဘုရားဆိုင်ရာစီမံခန့်ခွဲခြင်းသည် ထိုနေရာမှာ ရှိလိမ့်မည်ဖြစ်သောကြောင့်တည်း။
2. ရလဒ်မှာ ငြိမ်သက်ခြင်းနှင့် ဝမ်းမြောက်ခြင်း ဖြစ်လိမ့်မည်ဖြစ်သည်။

## VI. ဖျာဒိတ် ၁၉း၇-၈ တွင် သတို့သမီး၏ ဖြောင့်မတ်ခြင်းကို မြင်ရသည်။

A. ခရစ်တော်သည် ယုံကြည်သူများထံသို့ ဖြောင့်မတ်ခြင်းဖြစ်တော်မူခြင်း၏ သွင်ပြင်နှစ်ခုရှိသည်။

1. ပထမသွင်ပြင်မှာ - သူတို့သည် ဘုရားသခင်ထံသို့ နောင်တရ၍ ခရစ်တော်အထဲသို့ ယုံကြည်လက်ခံသောအချိန်၌ အပြင်ပိုင်းဆိုင်ရာမှာ ဘုရားသခင်အားဖြင့် ဖြောင့်မတ်ရာသို့ရောက်စေခြင်းငှာ ယုံကြည်သူများအတွက် သူတို့၏ဖြောင့်မတ်ခြင်းဖြစ်ရန် ဖြစ်သည် - ရော၊၃း၂၄-၂၆။ တ၊၁၃း၃၉။ ဂလ၊၃း၂၄ခ။ ၂၇။
2. ဒုတိယသွင်ပြင်မှာ - ဘုရားသခင်အားဖြင့် အတွင်းကျကျ ဖြောင့်မတ်ရာသို့ရောက်စေခြင်းငှာ ယုံကြည်သူများထံ ပေးထားသော ခရစ်တော်၌ရှိသည့် ဖြောင့်မတ်ခြင်းဖြစ်သော ဘုရားသခင်၏ထင်ရှားထွက်ပေါ်လာခြင်းအဖြစ် ယုံကြည်သူများထဲမှ ရှင်ထွက်လာသော သူတို့၏ ဖြောင့်မတ်ခြင်းဖြစ်ရန် ဖြစ်သည် - ရော၊၄း၂၅။ ၁ပေ၊၂း၂၄က။ ယာ၊၂း၂၄။ မ၊၅း၂၀။ ဗျာ၊၁၉း၈။
3. ကျွန်ုပ်တို့၏ အပြင်ပိုင်းဖြောင့်မတ်ခြင်းအဖြစ် ခရစ်တော်၌ ကျွန်ုပ်တို့သည် ဘုရားသခင်အားဖြင့် ဖြောင့်မတ်ရာသို့ ရောက်စေခြင်း ဖြစ်သည် - ရော၊၃း၂၄၊ ၂၈။ ၄း၂၅။ ၅း၁၊ ၉၊ ၁၆၊ ၁၈။
4. ကျွန်ုပ်တို့၏ အတွင်းကျကျဖြောင့်မတ်ခြင်းအဖြစ် ခရစ်တော်သည် ကျွန်ုပ်တို့၌ ကိန်းဝပ်နေသောအရှင်ဖြစ်ကာ၊ ကျွန်ုပ်တို့အား ဘုရားသခင်အားဖြင့် ဖြောင့်မတ်ရာသို့ရောက်စေသောအသက်တာ၊ ဘုရားသခင်ထံသို့ အမြဲပင် လက်ခံဖွယ်ဖြစ်သောအသက်တာကို ကျွန်ုပ်တို့အဖို့ အသက်ရှင်ပေးနေသည် - မ၊၅း၆၊ ၂၀။

B. သန့်ရှင်းသူများထဲက သူတို့၏ အတွင်းကျကျ ဖြောင့်မတ်ခြင်းအဖြစ် ရှင်ထွက်သော ခရစ်တော်သည် သူတို့၏ မင်္ဂလာဆောင်ဝတ်ရုံဖြစ်လာသည် - ဗျာ၊၁၉း၈။

1. ကျွန်ုပ်တို့၏ကယ်တင်ခြင်းအတွက် ကျွန်ုပ်တို့ရရှိသော ဖြောင့်မတ်ခြင်းသည် အပြင်ပိုင်းဖြစ်ပြီး၊ ဖြောင့်မတ်သော ဘုရားသခင်၏ တောင်းဆိုချက်ကို ဖြည့်ဆည်းရန် ကျွန်ုပ်တို့ကို တတ်နိုင်စေကာ၊ အောင်မြင်သောသန့်ရှင်းသူများ၏ ဖြောင့်မတ်ခြင်းများမှာမူ အတွင်းကျကျဖြစ်၍၊ အောင်မြင်သောခရစ်တော်၏ တောင်းဆိုချက်ကို ပြည့်မီစေရန် တတ်စွမ်းစေသည် - ၁ကော၊၁း၃၀။ ဖိ၊၃း၉။
2. မဿဲ ၂၂း၁၁-၁၂ ရှိ မင်္ဂလာဆောင်ဝတ်ရုံသည် ကျွန်ုပ်တို့ ရှင်ထွက်သော၊ ကျွန်ုပ်တို့၏ သာလွန်ထူးကဲသော ဖြောင့်မတ်ခြင်းအဖြစ် ကျွန်ုပ်တို့၏နေ့စဉ်အသက်တာ၌ ကျွန်ုပ်တို့မှတစ်ဆင့် ထင်ရှားသော ခရစ်တော်ကို ပုံဆောင်သည် - ၅း၂၀။ ဗျာ၊၃း၄-၅၊ ၁၈။

C. သခင်ဘုရား၏သတို့သမီးဖြစ်သည့် ကိုယ်တော်၏ဇနီးသည် "ကိုယ်ကို အဆင်သင့် ဖြစ်စေပြီ။ သူသည် စင်ကြယ်၍ ပြောင်လက်သောပိတ်ချောကို ဝတ်ဆင်ရသောအခွင့်ကို ရ၏။ ထိုပိတ်ချောသည် သန့်ရှင်းသူတို့၏ဖြောင့်မတ်ခြင်းများဖြစ်သတည်း" - ၁၉း၇ခ-၈။

1. ဗျာဒိတ် ၁၉း၈ တွင် ဝတ်ဆင်ခြင်းနှင့် ဖြောင့်မတ်ခြင်းကို ရှင်းလင်းစွာ ဆက်နွယ်ယှဉ်တွဲထားသည်။
2. အပိုဒ်ငယ် ၈ ရှိ *ဖြောင့်မတ်ခြင်းများ* ဟူသည်မှာ အများကိန်းဖြစ်ပြီး၊ "ဖြောင့်မတ်သော အပြုအမူများ"ဟု ဘာသာပြန်ဆိုနိုင်ပါသည်။
3. ဖြောင့်မတ်ခြင်းများမှာ ကျွန်ုပ်တို့၏ကယ်တင်ခြင်းအတွက် ကျွန်ုပ်တို့ရရှိသောအရှင်၊ ကျွန်ုပ်တို့၏ဖြောင့်မတ်ခြင်းအဖြစ် ခရစ်တော်ကို ရည်ညွှန်းခြင်းမဟုတ်ပါ - ၁ကော၊၁း၃၀။
4. ပိတ်ချောမှာ ကျွန်ုပ်တို့၏အောင်မြင်သောအသက်တာ၊ ကျွန်ုပ်တို့၏အောင်မြင်သော အသက်ရှင်ခြင်းကို ရည်ညွှန်းသည်။
5. ပိတ်ချောသည် ကျွန်ုပ်တို့ဖြစ်ခြင်းထဲမှ ကျွန်ုပ်တို့ရှင်ထွက်သော ခရစ်တော်ဖြစ်သည်။

D. "သိုးသငယ်၏ မင်္ဂလာဆောင်ညစာစားပွဲသို့ ခေါ်ဖိတ်ခြင်းကို ခံရသောသူတို့ (အောင်မြင်သောသန့်ရှင်းသူများ) သည် မင်္ဂလာရှိကြ၏" - ဗျာ၊၁၉း၉။

1. ဤနေရာရှိ သိုးသငယ်၏ မင်္ဂလာဆောင်ညစာစားပွဲသည် မဿဲ ၂၂း၂ ရှိ မင်္ဂလာဆောင်စားသောက်ပွဲ ဖြစ်သည်။
2. ခရစ်တော်၏ မင်္ဂလာဆောင်ညစာစားပွဲသော ခေါ်ခြင်းခံရခြင်းမှာ ကောင်းခံရခြင်းဖြစ်သည်။
3. သိုးသငယ်၏ မင်္ဂလာဆောင်ညစားစားပွဲသို့ ခေါ်ခြင်းခံရမည့် အောင်မြင်သောယုံကြည်သူများသည် သိုးသငယ်၏ သတို့သမီးလည်း ဖြစ်လိမ့်မည်ဖြစ်သည် - ဗျာ၊၁၉း၇။

*© 2025 Living Stream Ministry*

Message Six

## စုပေါင်းထားသော စစ်သူရဲအဖြစ် သတို့သမီး

ဖတ်ရန်ကျမ်း။ ။ ဧ၊၆း၁၀-၂၀

**I. ဧဖက် ၆း၁၀-၂၀ က သတို့သမီးသည် ဘုရားသခင်၏နိုင်ငံတော်အတွက် ဘုရားသခင်၏ရန်သူကို ဆန့်ကျင်တိုက်ခိုက်မည့် စုပေါင်းထားသော စစ်သူရဲဖြစ်ကြောင်း ဖွင့်ပြထားသည်။**

A. ခရစ်တော်၏အောင်မြင်သောချစ်သူသည် ဘုရားသခင်၏ကိန်းဝပ်ရာနေရာဖြစ်လာရန် ဘုရားသခင်နှင့်အတူ တစ်လုံးတစ်ဝ ဖြစ်လာသောအခါတွင် ဘုရားသခင်၏အမြင်၌ သူမသည် တိရဇကဲ့သို့ လှပပြီး၊ ယေရုရှလင်ကဲ့သို့၌ ချစ်ဖွယ်ကောင်း၏။ သို့သော် ရန်သူထံသို့မူကား၊ သူမသည် အောင်လံများနှင့်အတူရှိသည့် ကြောက်မက်ဖွယ် စစ်တပ်ကဲ့သို့ ဖြစ်သည် - သီ၊၆း၄။

1. အောင်လံတံခွန်များသည် တိုက်ခိုက်ရန် အဆင်သင့်ဖြစ်ခြင်းနှင့် စစ်ပွဲအောင်နိုင်ခြင်း၏အမှတ်လက္ခဏာကိုလည်း ရည်ညွှန်းသည်။ ကြောက်မက်ဖွယ် စစ်တပ်မှာ သခင်ဘုရား၏အောင်မြင်သူများသည် ဘုရားသခင်၏ရန်သူ၊ စာတန်ကို ခြောက်လှန့်ကြောင်းကို ပုံဆောင်သည်။
2. ဤစစ်တပ်သည် သခင်ဘုရား၏ခေါ်တော်မူခြင်းကို အဖြေပေးမည့် အောင်မြင်သူများဖြစ်လာရန် ဘုရားသခင်၏လူများ၏ ကျဆင်းခြင်း၌ ဘုရားသခင်၏နိုင်ငံတော်အတွက် စစ်ပွဲကို တိုက်ခိုက်သည် (ဗျာ၊၂း၇၊ ၁၁၊ ၁၇၊ ၂၆။ ၃း၅၊ ၁၂၊ ၂၁)။ နောက်ဆုံးတွင်၊ အောင်မြင်သူများသည် ခရစ်တော်နှင့်ထိမ်းမြားရန် စုပေါင်းထားသော သတို့သမီးဖြစ်လာလိမ့်မည်ဖြစ်သည် (ဗျာ၊၁၉း၇-၉)။ သူတို့၏ မင်္ဂလာဆောင်ခြင်းပြီးနောက်၊ ဤသတို့သမီးသည် စစ်တပ်ဖြစ်လာကာ သူမ၏ခင်ပွန်းဖြစ်သော ခရစ်တော်ဘက်မှနေ၍ အန္တိခရစ်နှင့် သူ၏ နောက်လိုက်များကို ချေမှုန်းလိမ့်မည်ဖြစ်သည် (ဗျာ၊၁၉း၁၁-၂၁)။

B. သတို့သမီးတည်းဟူသော အသင်းတော်သည် အမှန်တကယ်တွင် ဘုရားသခင်ကို ထင်ရှားရန်နှင့် ဘုရားသခင်၏ရန်သူကို ဆက်ဆံဖြေရှင်းရန်ဟူသည့် ရည်ရွယ်ချက်နှစ်ခုကို ပြည့်စုံစေမည့် ဘုရားသခင်၏အကြံအစည်တော်၌ရှိသော စုပေါင်းထားသောလူ ဖြစ်သည် - က၊၁း၂၆။

C. ဘုရားသခင်၏ ထာဝရရည်ရွယ်ချက်ကို ပြည့်စုံစေရန်နှင့် ခရစ်တော်၏ စိတ်နှလုံးတော်အလိုဆန္ဒကို အားရကျေနပ်စေရန် သာမက၊ ဘုရားသခင်၏ရန်သူသည်လည်း ချေမှုန်းခြင်း ရှိရမည်။ ဤအရာအတွက် အသင်းတော်သည် စစ်တပ်ဖြစ်ရမည်။

D. ကျွန်ုပ်တို့၏လျှောက်လှမ်းခြင်းသည် ဘုရားသခင်၏ရည်ရွယ်ချက်ကို ပြည့်စုံစေရန်အတွက် ဖြစ်သည်၊ ကျွန်ုပ်တို့၏ အသက်ရှင်ခြင်းသည် ခရစ်တော်၏ ကျေနပ်နှစ်သိမ့်ခြင်းအတွက်ဖြစ်သည်၊ ကျွန်ုပ်တို့၏စစ်ပွဲသည် ဘုရားသခင်၏ရန်သူကို ချေမှုန်းရန်အတွက် ဖြစ်သည် - ဧ၊၄း၁။ ၅း၂၊ ၈။ ၆း၁၀-၁၁။

**II. မိလေနိကာလအတွင်း ယေရှု၏သက်သေခံချက်သည် ခရစ်တော်၏သတို့သမီး - ခရစ်တော်၏တွဲဖက်ဘုရင်များဖြစ်သည့် အောင်မြင်သူများ ဖြစ်သည် - ဗျာ၊၁၉း၇-၉။ ၂၀း၄၊ ၆။**

A. သခင်ဘုရား၏ပြန်လည်ရယူခြင်းသည် ခရစ်တော်၏သတို့သမီး ပြင်ဆင်ခြင်းအတွက်ဖြစ်သည် (၁၉း၇-၉။ ၂၁း၂)။ နောက်ဆုံးတွင်၊ ကျွန်ုပ်တို့သည် ခရစ်တော်၏ အဖော်အဖက်၊ သတို့သမီးဖြစ်သော ယေရုရှလင်မြို့သစ်၏ အကြီးမြတ်ဆုံးနှင့် နောက်ဆုံးပုံရိပ်ဖြစ်သည့် ရှောလမုန်၏ပုံတူအဖြစ် အံ့သြဖွယ်ကောင်းသော ရှုလမိတ်ဖြစ်ရန် သဏ္ဍာန်တူညီခြင်းခံရလိမ့်မည်ဖြစ်သည် - သီ၊၆း၁၃။ ဗျာ၊၂၁း၂၊ ၉-၁၀။ ၂၂း၁၇က။

B. ရှုလမိတ်သည် ဘုရားသခင်၏အမြင်၌ တပ်စခန်းနှစ်ခု သို့မဟုတ် စစ်တပ်နှစ်တပ် (ဟေဗြဲ၊ *မဟာနိမ်*) ၏ ကခုန်ခြင်းနှင့် တူသည်။ ယာကုပ်သည် ဘုရားသခင်၏ကောင်းကင်တမန်များ၊ ဘုရားသခင်၏စစ်တပ်နှစ်တပ်ကို မြင်ပြီးနောက် သူရှိခဲ့သော နေရာကို မဟာနိမ်ဟု အမည်ပေးကာ သူ၏ မိန်းမများ၊ ကလေးများနှင့် ပိုင်ဆိုင်မှုများကို "စစ်တပ်နှစ်တပ်"အဖြစ် ခွဲထားခဲ့သည် - သီ၊၆း၁၃။ က၊၃၂း၁-၁၀။

1. စစ်တပ်နှစ်တပ်၏ ဝိညာဉ်ရေးရာပုံဆောင်ချက်မှာ ခရစ်တော်ကိုယ်ခန္ဓာတော်၏အလေ့အလာအရ ကျွန်ုပ်တို့ကို ချစ်တော်မူသောသူအားဖြင့် ကျွန်ုပ်တို့သည် သာ၍အောင်နိုင်ခြင်း၊ ကျွန်ုပ်တို့သည် "လုံး၀-အောင်နိုင်"ခြင်းဖြစ်ကြောင်း ခိုင်မာသော သက်သေခံချက်ဖြစ်သည်-ရော၊၈း၃၇။ ၁၂း၉-၁၀။ ၁၃း၃-၅။ သီ၊၈း၆။

2. ဘုရားသခင်သည် မိမိတို့ကိုယ်တိုင်၌ အားကြီးသောသူများကို မလိုလားပါ။ ကိုယ်တော်သည် အားနည်းသောသူများ၊ ခွန်အားကင်းမဲ့သောသူများ၊ အမျိုးသမီးများနှင့် ကလေးများကိုသာ လိုလားတော်မူသည်။ အောင်မြင်သောသူများဖြစ်ရန် ထိုက်တန်သည်ဟု ရေတွက်ခံရသူများမှာ သခင်ဘုရားအပေါ် မှီခိုမှုရှိသည့် အားနည်းသောသူများဖြစ်ကြသည် - ၁ကော၊ ၁:၂၆-၂၈။ ၂ကော၊၁၂:၉-၁၀။ ၁၃:၃-၅။ သီ၊၈:၆။

3. ဘုရားသခင်သည် မိမိနှင့်တစ်လုံးတစ်ဝတည်းဖြစ်သောလူများ၊ ဆံပင်ကျစ်ခြင်းဖြင့် ပုံဆောင်ထားသော ကိုယ်တော့်ကို ဝန်ခံခြင်းရှိသောသူများ (၁း၁၁)၊ ရတနာကြိုးများကို လည်ပင်း၌ဆွဲထားခြင်းဖြင့် ပုံဆောင်ထားသည့် အလျှော့အတင်းရှိသော အလိုဆန္ဒနှင့်အတူ ကိုယ်တော့်ကို နာခံခြင်းရှိသောသူများကို လိုအပ်သည် (အငယ်၊၁၀)။

4. ဘုရားဆိုင်ရာဖွင့်ပြခြင်း၏ အမြင့်မားဆုံးသော အထွတ်အထိပ်သို့ မည်သို့ရောက်ရှိနိုင်မည်ကို ကျွန်ုပ်တို့ စဉ်းစားသော အခါ၊ ကျွန်ုပ်တို့သည် မိမိကိုယ်ကို၌ ယုံကြည်စိတ်ချမှု မရှိသင့်ပါ၊ သို့သော် ကျွန်ုပ်တို့အား ဘုန်းတော်အဖို့ ကရုဏာခံရာအိုးများဖြစ်စေရန် ချစ်ခြင်း၊ တန်ခိုးနှင့် ကရုဏာတည်းဟူသော သခင်ဘုရားအပေါ် မှီခိုသင့်ပါသည် - ရော၊၉:၁၆၊ ၂၁-၂၃။

**III. ဝိညာဉ်ရေးဆိုင်ရာ စစ်ပွဲသည် မရှိမဖြစ်လိုအပ်သည်၊ အကြောင်းမှာ စာတန်၏အလိုဆန္ဒသည် ဘုရားသခင်၏အလိုတော်နှင့် ဆန့်ကျင်တိုက်ခိုက်နေသောကြောင့် ဖြစ်သည် - ဧ၊၁း၅၊ ၁၁။ မ၊၆း၁၀။**

A. ဘုရားသခင်၏အကြံအစည်တော်၊ ဘုရားသခင်၏အလိုတော်အပြင်၊ ဒုတိယအကြံအစည်တော်၊ ဒုတိယအလိုတော်ရှိသည်၊ အကြောင်းမှာ စာတန်၏အလိုဆန္ဒသည် ဘုရားသခင်၏အလိုတော်နှင့် ဆန့်ကျင်သောကြောင့်ဖြစ်သည် - ဟေရှာ၊၁၄း၁၂-၁၄။

B. စစ်ပွဲအားလုံးသည် စာတန်၏ အလိုဆန္ဒနှင့် ဘုရားသခင်၏ အလိုတော်တို့အကြားရှိ ပဋိပက္ခတွင် အရင်းခံသည်။

C. ဝိညာဉ်ရေးရာစစ်ပွဲသည် ဘုရားသခင်၏နိုင်ငံတော်နှင့် စာတန်၏နိုင်ငံတော်တို့အကြား စစ်ပွဲဖြစ်သည်။ ကောင်းကင်များ၏ နိုင်ငံတော် တည်ထောင်ရန်အတွက် ဝိညာဉ်ရေးရာ တိုက်ပွဲကို လိုအပ်သည် - မ၊၁၂:၂၆၊ ၂၈။ ဗျာ၊၁၂:၁၁။

D. ကျွန်ုပ်တို့သည် သမ္မာတရားအတိုင်း ကျေးဇူးတော်အားဖြင့် လျှောက်လှမ်းကြပြီး၊ မေတ္တာနှင့် အလင်းထဲတွင် အသက်ရှင်ကာ၊ စာတန်ဆိုင်ရာ အလိုဆန္ဒကို နှိမ်နင်းရန် တိုက်ပွဲဝင်ကြသည် - ဧ၊၄:၁။ ၅:၂၊ ၈၊ ၆:၁၂။

**IV. ဘုရားသခင်၏ရန်သူနှင့် ဆက်ဆံဖြေရှင်းရန်၊ ကျွန်ုပ်တို့သည် ခရစ်တော်ကိုသေခြင်းမှထမြောက်စေပြီး၊ လေထဲရှိ ဝိညာဉ်ဆိုးများ အားလုံးအထက်တွင် ကောင်းကင်များ၌ ထိုင်စေတော်မူသော တန်ခိုးတော်၏ ကြီးမြတ်ခြင်းဖြင့် ခွန်အားနှင့်ခိုင်ခံ့စေရန် လိုအပ်သည် - အငယ်၊၁၀။ ၁:၁၉-၂၂။**

A. ကျွန်ုပ်တို့သည် သခင်ဘုရား၌ ခွန်အားခိုင်ခံ့ခြင်းရှိရန် လိုအပ်သည့်အကြောင်းမှာ ကျွန်ုပ်တို့ကိုယ်တိုင်၌ စာတန်နှင့် သူ၏ဆိုးညစ်သောနိုင်ငံကို ဆန့်ကျင်သော ဝိညာဉ်ရေးရာစစ်ပွဲကို မတိုက်နိုင်ကြောင်း ရည်ညွှန်းသည်။ ကျွန်ုပ်တို့သည် သခင်ဘုရား၌၊ ကိုယ်တော်၏ခွန်အားတန်ခိုး၌သာ တိုက်ခိုက်နိုင်ပါသည်။

B. ခွန်အားနှင့်ခိုင်ခံ့ခြင်းရှိရန် ညွှန်ကြားခံရခြင်းမှာ ကျွန်ုပ်တို့၏အလိုဆန္ဒကို လေ့ကျင့်ရန်လိုအပ်ကြောင်း ညွှန်ပြသည်။ ဝိညာဉ်ရေးရာစစ်ပွဲအတွက် ခွန်အားနှင့်ခိုင်ခံ့လိုပါက၊ ကျွန်ုပ်တို့၏အလိုဆန္ဒသည် ခိုင်မာပြီး လေ့ကျင့်ခြင်းရှိရမည် - သီ၊၄:၄။ ၇:၄။

**V. အသင်းတော်နှင့် စာတန်အကြားရှိ စစ်ပွဲသည် သခင်ဘုရားကို ချစ်သော၊ ကိုယ်တော်၏ အသင်းတော်၌ရှိသော ကျွန်ုပ်တို့နှင့် ကောင်းကင်များ၌ရှိသော ဆိုးညစ်သော တန်ခိုးများအကြားရှိ စစ်ပွဲဖြစ်သည် - ဗေဖက် ၆:၁၂။**

A. ဤမှောင်မိုက်၏ အုပ်စိုးသူများ၊ အာဏာပိုင်များနှင့် လောက-အစိုးရသူများသည် ဘုရားသခင်ကို ဆန့်ကျင်သော စာတန်၏ ပုန်ကန်မှု၌ သူ၏နောက်သို့လိုက်ခဲ့သည့် ဆန့်ကျင်ပုန်ကန်သော ကောင်းကင်တမန်များဖြစ်ပြီး၊ ယခုတွင် လောကလူမျိုးများ အပေါ် ကောင်းကင်များ၌ အုပ်စိုးနေသည် - ကော၊ ၁:၁၃။ ဒံ၊၁၀:၂၀။

B. ကျွန်ုပ်တို့၏ စစ်ပွဲသည် လူသားဖြစ်ခြင်းကို ဆန့်ကျင်သော စစ်ပွဲမဟုတ်ဘဲ ဝိညာဉ်ဆိုးများ၊ ကောင်းကင်များ၌ရှိသော ဝိညာဉ်ရေးဆိုင်ရာ တန်ခိုးများကို ဆန့်ကျင်သော စစ်ပွဲဖြစ်ကြောင်းကို ကျွန်ုပ်တို့ နားလည်သဘောပေါက်ရန် လိုအပ်ပါသည်။

**VI. ဝိညာဉ်ရေးဆိုင်ရာ စစ်ပွဲသည် တစ်ဦးချင်းဆိုင်ရာ အကြောင်းအရာမဟုတ်ပါ။ ၎င်းသည် စုပေါင်းထားသော စစ်သူရဲဖြစ်သည့် ခရစ်တော်၏သတို့သမီး၏ အကြောင်းအရာဖြစ်သည် - ဧ၊၆:၁၃။**

A. အသင်းတော်သည် စုပေါင်းထားသော စစ်သူရဲဖြစ်ပြီး၊ ယုံကြည်သူများသည် ဤစုပေါင်းထားသော စစ်သူရဲကို ဖြစ်စေသည်။ ကျွန်ုပ်တို့သည် စုပေါင်းထားသော စစ်တပ်အဖြစ် ဖွဲ့စည်းခံရပြီးနောက်တွင် ဘုရားသခင်၏ ရန်သူကို တိုက်ခိုက်နိုင်လိမ့်မည် ဖြစ်သည်။

B. ဘုရားသခင်၏ မဟာဗျူဟာမှာ ရန်သူကို တိုက်ခိုက်ဖို့ သူ၏စစ်တပ်အဖြစ် အသင်းတော်ကို အသုံးပြုရန် ဖြစ်သည်။ စာတန်၏ မဟာဗျူဟာမှာ ကျွန်ုပ်တို့ကို ဘုရားသခင်၏ စစ်တပ်ဖြစ်သော အသင်းတော်မှ ခွဲခြားထားရန် ဖြစ်သည်။

C. ဘုရားသခင်၏ လက်နက်စုံသည် တစ်ဦးချင်းအတွက်မဟုတ်ဘဲ၊ ကိုယ်ခန္ဓာတော်အတွက် ဖြစ်သည်။ စုပေါင်းထားသော စစ်သူရဲသာလျှင် ဘုရားသခင်၏ လက်နက်စုံကို ဝတ်ဆင်နိုင်သည်။

**VII. ဝိညာဉ်ရေးရာ စစ်ပွဲကို တိုက်ခိုက်ရန် ကျွန်ုပ်တို့သည် ဘုရားသခင်၏ လက်နက်စုံကို ဝတ်ဆင်ဖို့ လိုအပ်သည် - အဧယ်၊၁၁။**

A. ကျွန်ုပ်တို့၏အသက်တာ၌ စစ်မှန်ခြင်းတည်းဟူသော ခရစ်တော်၌ရှိသော ဘုရားသခင်သည် ဝိညာဉ်ရေးရာ စစ်ပွဲအတွက် ကျွန်ုပ်တို့တစ်ကိုယ်လုံးကို ခွန်အားနှင့်ခိုင်ခံ့စေသော ခါးပန်းဖြစ်သည် - အဧယ်၊ ၁၄က။

B. ကျွန်ုပ်တို့၏ သြတ္တပ္ပစိတ်ကို ဖုံးအုပ်ကာ စာတန်၏ စွပ်စွဲချက်များမှ ကျွန်ုပ်တို့အား ကာကွယ်ပေးသော ဖြောင့်မတ်ခြင်း၏ ရင်အုပ်တန်ဆာသည် ကျွန်ုပ်တို့၏ ဖြောင့်မတ်ခြင်းဖြစ်သော ခရစ်တော်ဖြစ်သည် - အဧယ်၊၁၄ခ၊ ၁ကော၊၁:၃၀။

C. ခရစ်တော်သည် ဘုရားသခင်နှင့်လည်းကောင်း၊ သန့်ရှင်းသူများနှင့်လည်းကောင်း တစ်လုံးတစ်ဝဖြစ်ရန် ကျွန်ုပ်တို့အတွက် ငြိမ်သက်ခြင်းဖြစ်သည်။ ဤငြိမ်သက်ခြင်းသည် ကျွန်ုပ်တို့က ရန်သူကို ဆန့်ကျင်ခံရပ်နိုင်စေသည့် ခိုင်မြဲသော တိုက်မြစ်ဖြစ်သည် - ၈၊၂:၁၅၊ ၆:၁၅။

D. ယုံကြည်ခြင်းသည် ရန်သူ၏ မီးလျှံလက်နက်များကို ကာသတ်နိုင်သော ဒိုင်းလွှားဖြစ်သည်။ ခရစ်တော်သည် ထိုကဲ့သို့သော ယုံကြည်ခြင်း၏ လက်ရာရှင်နှင့် စုံလင်စေတော်မူသောအရှင်ဖြစ်သည် - အဧယ်၊ ၁၆။ ဟေဗြဲ၊၁၂:၂။

E. ကျွန်ုပ်တို့၏အသိဉာဏ်ကို ဖုံးအုပ်ပေးသော ကယ်တင်ခြင်း၏ခမောက်လုံးသည် ကျွန်ုပ်တို့၏နေ့စဉ်အသက်တာ၌ ကျွန်ုပ်တို့ တွေ့ကြုံခံစားရသည့် ကယ်တင်ပေးသော ခရစ်တော်ဖြစ်သည် - ၈၊၆:၁၇က။ ယော၊၁၆:၃၃။

F. ဘုရားသခင်၏နှုတ်ကပတ်တော်ဖြစ်သည့် ဝိညာဉ်တော်၏ဓားသည် တိုက်ခိုက်သောလက်နက်ဖြစ်ကာ၊ ယင်းဖြင့် ကျွန်ုပ်တို့က ရန်သူကို အပိုင်းပိုင်းခုတ်ဖြတ်ကြသည် - ၈၊၆:၁၇ခ။

G. ဆုတောင်းခြင်းသည် ဘုရားသခင်၏လက်နက်စုံကို ယူဆောင်ရန် အတုမဲ့သော၊ အရေးကြီးသော၊ အရေးပါသော နည်းလမ်းဖြစ်ကာ၊ လက်နက်စုံ၏အချက်တစ်ခုစီကို ကျွန်ုပ်တို့ထံ လက်တွေ့ကျကျ ရရှိနိုင်ခြင်း ရှိစေသည် - အဧယ်၊၁၈။

**VIII. ဘုရားသခင်၏လက်နက်စုံကို ဝတ်ဆင်ခြင်းအားဖြင့် ကျွန်ုပ်တို့သည် မာရ်နတ်၏ နည်းပရိယာယ်များ၊ ဆိုးညစ်သောစီမံချက်များကို ဆန့်ကျင်ခံရပ်ရန် တတ်စွမ်းနိုင်ကြသည် - အဧယ်၊၁၁၊ ၁၃-၁၄။**

A. ခရစ်တော်နှင့်အတူ ထိုင်ခြင်းမှာ ကိုယ်တော်၏ပြီးမြောက်ပြည့်စုံခဲ့ခြင်းအားလုံး၌ ပါဝင်ဆက်ဆံရန်၊ ဘုရားသခင့်ထာဝရအကြံအစည်ကို ပြည့်စုံစေဖို့ ကိုယ်ခန္ဓာတော်၌ လျှောက်လှမ်းရန်၊ ဘုရားသခင့်ရန်သူကို ဆန့်ကျင်တိုက်ခိုက်ဖို့ ကိုယ်တော်၏တန်ခိုးတော်၌ ရပ်တည်ရန် ဖြစ်သည် - ၂:၆။ ၄:၁။ ၅:၂၊ ၈။ ၆:၁၁၊ ၁၃-၁၄။

B. ရန်သူကို ဆန့်ကျင်တိုက်ခိုက်ခြင်း၌ အရေးအကြီးဆုံးသောအရာမှာ ရပ်တည်ရန်ဖြစ်သည်။ အားလုံးကို ကောင်းစွာပြုပြီးနောက် ကျွန်ုပ်တို့ သည် အဆုံးတိုင်အောင် ရပ်တည်ရန် လိုအပ်သည်။

**IX. ကျွန်ုပ်တို့အားလုံးသည် ယနေ့ သခင်ဘုရား၏ ပြန်လည်ရယူခြင်း၌ ကျွန်ုပ်တို့သည် စစ်မြေပြင်၌ ရှိနေသည်ကို မြင်ရန် လိုအပ်သည်။ ကျွန်ုပ်တို့သည် စာတန်၏ လေထဲမှစစ်တပ်များကို တိုက်ခိုက်ရန် သခင်ဘုရားနှင့်အတူ ပူးပေါင်းလုပ်ဆောင်ရမည်ဖြစ်သည်၊ သို့မှသာ ခရစ်တော်၏ကိုယ်ခန္ဓာတော် တည်ဆောက်ခြင်းနှင့် ခရစ်တော်၏သတို့သမီးကို ပြင်ဆင်ခြင်းရှိ၍၊ ဘုရားသခင်၏ နိုင်ငံတော်တည်ထောင်ပြီး ပျံ့နှံ့စေခြင်းအတွက် ခရစ်တော်ကို ကျွန်ုပ်တို့ပို၍ အမြတ်ရနိုင်မည်ဖြစ်သည်၊ ထိုသို့ဖြင့် ခရစ်တော်သည် မြေကြီးကို အမွေခံရန် ပြန်ကြွလာနိုင်မည်ဖြစ်သည်။**

*© 2025 Living Stream Ministry*